
www.burmeseclassic.com

သင့်ကြောင့်
သူ
စိတ်မညစ်ပါစေနှင့်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ စက်တင်ဘာ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

မြည့်ပိုင်မျှးအိမ်
သင့်ကြောင့်သရဲစိတ်မညစ်ပါစေနှင့်/မြည့်ပိုင်မျှးအိမ်။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) သင့်ကြောင့်သရဲစိတ်မညစ်ပါစေနှင့်


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

စာဖတ်ပရိသတ်များခင်ဗျာ. . .

အခု ကျွန်တော့်ရဲ့ (၄၂)အုပ်မြောက် စာအုပ်ကို သရဲအကြောင်း အပြောင်းအလဲဖြစ်အောင် ရေးထားပါတယ်။

သရဲဆိုပေမယ့် ကျွန်တော်ရေးထားတဲ့ သရဲက သရဲဟာသ ဖြစ်ပါတယ်။ နောက်ထွက်မယ့် စာအုပ်များမှာတော့ သရဲဟာသ ဖြစ်ချင်မှ ဖြစ်တော့မှာပါ။

ဒီစာအုပ်နဲ့ ပတ်သက်ပြီး ပရိသတ်များထံမှ ဝေဖန်မှုများကို ကျွန်တော်လိုချင်ပါတယ်။ ကျေးဇူးပြုပြီး အောက်ပါလိပ်စာများမှာ ကျွန်တော့်ကို ဆက်သွယ်နိုင်ပါတယ်ခင်ဗျာ။ ဟာသဖြစ်ရန် ရေးသားထားသည်မို့ ဖြစ်နိုင်သည် မဖြစ်နိုင်သည်ထက် ရသတစ်ခုအနေဖြင့်သာ ဖတ်ရှုစေလိုပါသည်ခင်ဗျား။ လေးစားချစ်ခင်စွာဖြင့်. . .

ပြည့်ပိုင်မှူးအိမ်
(Face book account:)
Pyaepaing hmueeain

ပြည့်ပိုင်မှူးအိမ်
ဆ၊ ၁၆
ရွှေဥမင်ဘုရားလမ်း
ဆင်ခေါင်းရပ်ကွက်၊
ပင်းတယမြို့။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရီးမှောင်ရီအချိန်။

"ဝါး"

"အမလေး. . . တော့"

ကားပေါ်တက်လာသော မင်းသမီးဖြစ်သူ ယွန်းဆက်ဝန်းကို မင်းသားဖြစ်သူ ဘုန်းသူရက သရဲမျက်နှာဖုံးကိုစွပ်၍ ခြောက်သည်။

မင်းသမီးခမျာ မိန်းကလေးပီပီ ကြောက်ကာသွားသည်။ သရဲကားတွေ တောက်လျှောက်ရိုက်လာသော မင်းသမီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အသည်းကရတော့ငယ်သည်။

"ကိုဘုန်းနော်. . . လာလာမစနဲ့၊ ယွန်းဆက်က ကြောက်တတ်ပါတယ်ဆိုနေမှ ဘာမှန်းလည်းမသိဘူး"

သရဲမျက်နှာဖုံးကို ချွတ်ရင်း ပြောင်စိစိလုပ်နေသူ ရဲ မင်းသားဖြစ်သူကို မင်းသမီးက မျက်စောင်းထိုးပစ်ရင်း ဆိုသည်။

"ချစ်လို့စတာပါကွာ၊ ယွန်းဆက်ကလည်း"

"လာမချစ်နဲ့၊ လာလည်းမစနဲ့ ဒါပဲ"

မင်းသား propose လုပ်ထားသည်မို့ မိန်းကလေးပီပီ မင်းသမီးက အင်တင်တင်လုပ်သည်။ သူတို့နှစ်ယောက် ဖြစ်နေကြပြီဟု သတင်းတွေထွက်နေကြသော်လည်း တကယ်တမ်းကြ မင်းသားခမျာ အဖြေတောင်းနေရဆဲအဆင့်မှာသာ ရှိသေးသည်။ နယ်တွင် သရဲကားသွားရိုက်ကြမည်မို့ တစ်စုတစည်းတည်းဖြစ်စေရန် ဒါရိုက်တာ၊ မင်းသား၊ မင်းသမီးနှင့် ဇာတ်ရံများ၊ ကင်မရာမင်းနှင့် အခြား မီးထိုးမှန်ထိုးပါမကျန် ရှုတင်တစ်ဖွဲ့သားလုံး အဝေးပြေးကားတစ်စီးထဲတွင် အတူစီးလာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဝေးကားလမ်းဘေးရှိ စားသောက်ဆိုင်တွင် ညနေစာ ထမင်းစားနားတုန်း မင်းသားက ကားပေါ်အရင်ရောက်အောင် ပြန်လာကာ လာသမျှ ဘယ်သူ့ကိုမဆို ခြောက်မည်ဆိုသောအကြံဖြင့် စောင့်နေစဉ် မင်းသမီးက တိုက်တိုက်ဆိုင်ဆိုင် ပထမဦးဆုံး ဈေးဦးပေါက်ကာသွားခြင်းဖြစ်သည်။

"ရော့"

"ဘာလုပ်ရမှာလဲ"

မင်းသားက သူချွတ်ထားသော သရဲမျက်နှာဖုံးကို မင်းသမီးအား 'ရော့'ဟု လှမ်းပေးသည်။ မင်းသမီးက အူကြောင်ကြောင်ဖြင့် 'ဘာလုပ်ရမှာလဲ'ဟု အမေးရှိသည်။

"ဒါ စွပ်ထားပြီးလာတဲ့ လူတွေကို စောင့်ပြီးခြောက်ရအောင်လေ၊ ကိုဘုန်းဆီမှာ တစ်ခုရှိသေးတယ်"

မင်းသားက ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"ဩော်. . . ဒီလိုလား၊ ပေး ပေး၊ ဟီးဟီး. . . ဝါနဲ့ မေမေက အခုပဲ နောက်ကလိုက်လာနေပြီ၊ သူတို့ကိုခြောက်ရမယ်"

ပြောပြော့ဆိုဆိုပင် မင်းသမီးက မင်းသားထံမှ သရဲ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးကိုယူကာ စွပ်သည်။ 'ဝါနု'ဆိုသည်က မင်းသမီး၏ မိတ်ကပ်ဆရာ ကိုဘခက်ကို ပြောခြင်းဖြစ်သည်။ ကိုဘခက်၏ မိတ်ကပ်အနုပညာ နာမည်က 'ဝါနု'။

"အတူတူခြောက်ကြတာပေါ့"

မင်းသားက သရဲမျက်နှာဖုံးတစ်ခုကို ယူကာစွပ်ရင်း ဆိုသည်။

"ပုန်းနေရအောင်၊ လူသံကြားတယ်"

မင်းသမီးက ထိုင်ခုံနှစ်ခုကြားကို ဝင်သွားရင်းက ဆိုသည်။

"ယွန်းဆက်ခြောက်လို့ အကြောက်ပြေလောက်ပြီဆို တော့မှ ကိုယ်က ဆက်ခြောက်မယ်၊ အဲဒါမကောင်းဘူးလား"

"ကောင်းတယ်၊ ကောင်းတယ်"

မင်းသား၏အဆိုကို မင်းသမီးက ထောက်ခံသည်။

မင်းသားကလည်း မလှမ်းမကမ်းရှိ ခုံနှစ်ခုံကြားကိုဝင် ကာ နေရာယူသည်။ ထိုစဉ်မှာပင် ကားတံခါးဝမှနေ လူတစ်ယောက် တက်ကာလာသည်။

"ဟ. . . ဘယ်သူမှမရောက်သေးပါလား"

www.burmeseclassic.com

www.burmeseclassic.com

## ၁၀ [illegible]

ရောက်လာသူက ဒါရိုက်တာကြီးဖြစ်သည်။

"ရောက်နေပါပြီ၊ ဟီ ဟီ ဟီ"

အသံကို တုန်ရီအောင်လုပ်ရင်း ရှတ်တရက် ထရပ်သော မင်းသမီး၏အသံကြောင့် 'အောင်မလေးဗျ'ဟု ဒါရိုက်တာကြီးက လန့်ကာအော်သည်။

"ဘယ်ကောင်လဲကွ၊ ချွတ်စမ်း မျက်နှာဖုံး"

မျက်နှာဖုံးစွပ်ကာ ခြောက်မှန်းသိသည်နှင့် ဒါရိုက်တာကြီးက ရှက်ကိုးရှက်ကန်းဖြင့် အာခေါင်ခြစ်ကာအော်သည်။

"ဟီး ဟီး. . . သမီးပါဆရာရဲ့"

"ဟင်. . . မင်းသမီး၊ မင်းသမီးရယ် ခြောက်စရာရှားလို့ လူကိုတုန်သွားတာပဲ၊ ဒါနဲ့နေပါဦး မင်းသမီးက ကားပေါ်မှာ တစ်ယောက်တည်း မကြောက်ဘူးလား"

ဒါရိုက်တာကြီးက မင်းသမီးမို့ လေသံက ပျော့ကာသွားသည်။ ပခုံးကိုတွန့်ရင်း 'မကြောက်ဘူးလား'ဟု မေးသည်။

"ကြောက်တော့ကြောက်တာပေါ့ ဆရာရယ်၊ ဒါပေမယ့် ကားပေါ် စောစောစီးစီးတက်လာမယ့်လူကို ခြောက်မယ်ဆိုပြီး ကြောက်ကြောက်နဲ့စောင့်နေတာ၊ ဆရာက ဈေးဦးစပေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ”

“ဪ . . . ဒီလိုလား၊ လန့်လိုက်တာမင်းသမီးရယ်”

ဒါရိုက်တာကြီးက ရင်ဘတ်ကိုဖိကာ ဆိုသည်။ မင်းသမီးက ဒါရိုက်တာနောက်မှာ တရွေ့ရွေ့လာနေသော သရဲမျက်နှာဖုံးစွပ်ထားသည့် မင်းသားကို မြင်နေရသည်။ မင်းသားက ‘ရှူး’ဟု တိတ်တိတ်နေရန် အမူအရာလုပ်ပြသည်။

“သရဲကားတွေ တောက်လျှောက်ရိုက်တဲ့ ဒါရိုက်တာဆိုပေမယ့်လည်း အသည်းကတော့ ငယ်တယ်မင်းသမီးရေ၊ လန့်လိုက်တာ လိပ်ပြာတောင် လွင့်သွားပြီလားမသိဘူး၊ ရေသောက်ဦးမှပဲ”

“ရေဗူးတွေကနောက်မှာ သွားယူလိုက်လေဆရာ”

မင်းသမီးက ဒါရိုက်တာကို နောက်သို့လှည့်စေရန် အကြံဖြင့် ဆိုသည်။

“ဟုတ်တယ်၊ ရေဗူးက နောက်မှာ”

“ဝါး”

“အမလေးဗျ”

ဒါရိုက်တာကြီးက ရေဗူးယူရန် နောက်သို့အလှည့်



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

မင်းသားက 'ဝါး'ခနဲ ခြောက်လိုက်သည်မို့ ဒါရိုက်တာကြီးခများ 'အမလေး'တရင်း လန့်ကာသွားသည်။ ဒါရိုက်တာကြီး လန့်သွားသည်ကိုကြည့်ရင်း မင်းသားက တဟီးဟီးရယ်ကာ သရဲမျက်နှာဖုံးကို ချွတ်သည်။

"အမလေး မင်းသားရယ်၊ ဒီမှာ ဟိုကလေးမခြောက်လို့ လန့်တာ အကြောက်တောင်မပြေသေးဘူးကွ"

ဒါရိုက်တာကြီးက ငိုသံပါကြီးဖြင့် ဆိုသည်။

"ကြောက်သွားရင် ရေသောက်လိုက်ပေါ့ ဆရာရဲ့"

မင်းသမီးက ပြောပြောဆိုဆို ရေဗူးကို လှမ်းပေးသည်။ ဒါရိုက်တာကြီးက လှမ်းယူကာ မော့သောက်လိုက်ရင်း မျက်မှောင်ကြုတ်သည်။

"နေပါဦး. . . မင်းတို့နှစ်ယောက်က ဘာကိစ္စ ကားပေါ်မှာ အရင်ရောက်နေကြတာလဲ၊ ဧကန္တတော့ ဧကန္တပဲနေဦး"

ဒါရိုက်တာကြီးက ပြုံးစိစိဖြင့် ဆိုသည်။

"ဘာမှမဟုတ်ပါဘူးဗျာ၊ ဒီလိုပဲ ရောက်လာသမျှလူတွေကို ဒီမျက်နှာဖုံးတွေစွပ်ပြီး စချင်လို့ပါ"

"ဟုတ်တယ်၊ ခြောက်ရတာ ပျော်စရာကြီးဆရာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



မင်းသား၏ စကားအဆုံးမှာ မင်းသမီးက ဆိုသည်။

"အေးကွ. . . ငါ့လည်း သရဲမျက်နှာဖုံးတစ်ခု ပေးစမ်းပါဦး"

ဒါရိုက်တာကြီးကလည်း အစအနောက်သန်သူမို့ ရေဗူးကို တစ်ကြိုက်မော့ရင်းက ဆိုသည်။

"နေဦး. . ဇာတ်ကားအတွက်သုံးဖို့ ယူလာတဲ့ မျက်နှာဖုံးတွေ ကားနောက်ကအိတ်ထဲမှာရှိတယ်၊ သွားယူလိုက်ဦးမယ်ကွ"

ဒါရိုက်တာကြီးက ပြောပြောဆိုဆိုပင် ကားနောက်မှ အိတ်ကို ဖွင့်ပြီး သရဲမျက်နှာဖုံးကို ယူလာနေသည်။ မင်းသားနှင့် အသက်ငါးနှစ်ခန့်သာကွာပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ဒါရိုက်တာဖြစ်နေသောကြောင့် မင်းသားနှင့်ဒါရိုက်တာမှာ ညီအစ်ကိုကဲ့သို့ ဘော်ဒါကဲ့သို့ ပြောမနာဆိုမနာရှိကြသည်။

"ဒီမျက်နှာဖုံးဆို ပိုကြောက်ကြမယ်ကွ"

ဒါရိုက်တာကြီးက သရဲမျက်နှာဖုံးတစ်ခုကို မြှောက်ပြရင်းကဆိုသည်။

"ဘာလဲ အစ်ကိုကလည်း ခြောက်ချင်တာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက ဒါရိုက်တာကြီးကို အစ်ကိုဟုခေါ်ရင်း ပြုံးစိစိဖြင့်ဆိုသည်။

"အေးလေ. . . ခြောက်ချင်တာပေါ့"

ဒါရိုက်တာကြီးက ဘုမသိဘမသိဖြင့် အူကြောင်ကြောင်ဝင် ဆိုသည်။

"ထင်တယ်. . . ဆရာ့ကိုကြည့်ရတာ ခြောက်ချင်ချင်ကြီးပါလို့"

မင်းသမီးကတော့ သူမခေါ်နေကြအတိုင်း 'ဆရာ'ဟုခေါ်ရင်းစသည်။ ဒါရိုက်တာကြီးကတော့ ဘာမှမသိရှာသေး။ မင်းသားနှင့်မင်းသမီးကတော့ ပြုံးစိစိ။

"အေးလေ. . . ခြောက်ချင်လို့ပဲ မျက်နှာဖုံးယူနေတာလေ"

"အာ. . . အစ်ကိုကလည်း ခြောက်ချင်ချင်ကြီး ဖြစ်နေတာများ မျက်နှာဖုံးစွပ်မနေပါနဲ့၊ စကားပြောရင်သာ ခပ်နွဲ့နွဲ့လေးသာပြော၊ ခြောက်မှန်းမသိ ခြောက်သွားလိမ့်မယ်၊ အဟီး"

မင်းသားက ပြောပြီး မင်းသမီးနှင့်အတူ တခွီးခွီးရယ်တော့မှ သူ့ကိုစနေကြမှန်း ဒါရိုက်တာကြီးက သိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . . အရေးထဲမှာ၊ အဲ နေဦး သီချင်းသံကြား တယ်၊ ပိုကောင် ရှုတင်မန်နေဂျာရဲ့အသံကွ၊ ကဲ ကဲ နေရာယူ ဝိုင်းခြောက် လိုက်ရအောင်"

ဒါရိုက်တာကြီးက ပြောပြောဆိုဆိုပင် သရဲမျက်နှာဖုံး ကို ကမန်းကတန်းစွပ်ရင်း ခုံနှစ်ခုံကြားကို ပြေးဝင်သည်။

မင်းသားနှင့် မင်းသမီးကလည်း အသီးသီးနေရာယူကြ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . . ကားပေါ်မှာ ဘယ်သူမှလည်းမရှိပါလား၊ ကားဆရာကလည်း တော်တော်ပေါ့လျော့တာပဲ ကားတံခါးကို ပိတ်ထားတာမဟုတ်ဘူး၊ ပစ္စည်းတွေပျောက်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ သွားကိုပြောဦးမယ်"

ရှုတင်မန်နေဂျာက ဗျစ်တောက်ဗျစ်တောက်ရွတ်ရင်း ကားပေါ်မှဆင်းရန် ပြင်သည်မို့ ဒါရိုက်တာကြီးက ချောင်းကို ဟန့်သည်။

"အဟမ်း. . . ဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟ"

ရှုတင်မန်နေဂျာက ချောင်းဟန့်သံကြောင့် ရုတ်တရက် ကြောင်သွားရင်း 'ဟ'ဟုဆိုကာ ကြောင်တောင်တောင်ဖြင့် ကားထဲသို့ ငေ့ကာကြည့်သည်။ အားလုံး ပုန်းနေကြသည်မို့ သူ ဘာကိုမှမတွေ့။

"ငါ နားကြားလွဲတာထင်တယ်၊ ဘယ်သူမှလည်းမတွေ့ ပါဘူး"

"အဟမ်း"

ကားထဲသို့ ဝင်လာစေရန် ဒါရိုက်တာကြီးက ချောင်း ဟန့်ပြန်သည်။

"ဘယ်သူလဲ၊ တောက်. . . သရဲကားရိုက်ဖို့လာပါ တယ်ဆိုနေမှ၊ သရဲခြောက်နေတာလားမသိဘူး၊ ဘယ်သူလဲလို့ မေးနေတယ်လေ"

ရှုတင်မန်နေဂျာခမျာ ကြောက်ကြောက်လန့်လန့်ဖြင့် 'ဘယ်သူလဲလို့မေးနေတယ်'ဟုဆိုကာ တရွေ့ရွေ့ဖြင့် ကား နောက်ဘက်ကို ဝင်လာသည်။

"ငါပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"အမလေးဗျ"

ရှုတင့်မန်နေဂျာအနားကို ရောက်ခိုက် ဒါရိုက်တာကြီးက ရုတ်တရက်ထရပ်ကာ 'ငါပဲကွ'ဟု ခြောက်လိုက်သောကြောင့် အသံကောင့်သားခမျာ 'အမလေး'တကာ လန့်၍သွား၏။

"ထော်တော်မှ လန့်သွားရဲ့လားကွ"

ဒါရိုက်တာကြီးက မျက်နှာဖုံးကိုချွတ်ရင်း စပ်ဖြီးဖြီးဖြင့်ဆိုသည်။

"အာ. . . လန့်တာပေါ့ဆရာရယ်၊ တစ်ကိုယ်လုံးကိုတုန်သွားတာဗျ"

ရှုတင်မန်နေဂျာက ကတုန်ကရီဖြင့်ဆိုသည်။

"မင်းလည်း နောက်ထပ်တက်လာတဲ့လူတွေကို သရဲမျက်နှာဖုံးစွပ်ပြီး ခြောက်ပါလား၊ အပျော်ပေါ့ကွာ"

"ကောင်းတယ်ဆရာ"

"အေး. . . ဟိုနောက်မှာ မျက်နှာဖုံးတွေ အများကြီးပဲ၊ မင်းကြိုက်တာကို သွားရွေးချည်၊ မြန်မြန်လုပ် လူသံကြားတယ်၊ လာနေပြီနဲ့တူတယ်"

တကယ်တော့ ဒါရိုက်တာက မင်းသားနှင့် မင်းသမီးအာ

www.burmeseclassic.com

www.burmeseclassic.com



ကား၏နောက်ပိုင်းမှာ ရှိသည်မို့ တမင်ဂွင်ဆင်ခြင်းဖြစ်သည်။

"ဆံပင်စုတ်ဖွားနဲ့ မျက်နှာဖုံးကို ရွေးမယ်ဗျာ"

ပြောပြောဆိုဆိုပင် ရှုတင်မန်နေဂျာက မျက်နှာဖုံးစွပ်များရှိရာဆီကို တရွေ့ရွေ့လာသည်။ မင်းသားက မျက်နှာချင်းဆိုင်မှာရှိနေသော မင်းသမီးကို လှမ်း၍အချက်ပြသည်။ တစ်. . . နှစ်. . . သုံး ဆိုသည်နှင့် ထရပ်ရန်ဖြစ်သည်။

ရှုတင်မန်နေဂျာက အနီးသို့ရောက်အလာ မင်းသားနှင့် မင်းသမီးက ထရပ်ကာ 'ဝါး'ခနဲ ခြောက်သည်။

"ဝါး"

"အမလေးဗျ. . . အောင်မလေးဗျ"

လက်တွေကားရားရားကြီး လုပ်ကာ ထရပ်သော မင်းသားနှင့် မင်းသမီးကိုကြည့်ပြီး ရှုတင်မန်နေဂျာ့ခမျာ နောက်သို့ဆုတ်ရင်း ထအော်သည်။

"နေပါဦး. . . ဒါက ဘယ်သူတွေတုန်း"

"ကျွန်တော်တို့ပါဗျ"

ပြောပြောဆိုဆို မင်းသားက သရဲမျက်နှာဖုံးကို ချွတ်သည်။ မင်းသမီးကလည်း 'ဒန် ဒန်း ဒန်'ဟုဆိုရင်း မျက်နှာဖုံးကို

www.burmeseclassic.com

www.burmeseclassic.com



ချွတ်၏။

"အောင်မလေးဗျာ. . . ဘယ်သူတွေများလဲလို့ လန့်လိုက်တာဗျာ၊ ပြောပါဦး နောက်ထပ်ဘယ်နှယောက် ကျန်သေးလဲ၊ ကားနောက်ပိုင်းကိုတောင် မသွားရဲတော့ဘူး"

မျက်စိပျက် မျက်နှာပျက်ဖြင့် ၎င်းကဆိုသည်။

"ကဲပါဗျာ. . . ရော့ ကျွန်တော်က သွားရဲတယ်၊ ကျွန်တော့်ဘာသာကျွန်တော်ပဲ သွားယူတော့မယ်၊ ကဲ စွပ်ထား စွပ်ထား၊ နောက် ဘက်လာတဲ့လူတွေကို စရအောင်"

မင်းသားက ၎င်း၏လက်ထဲမှ သရဲမျက်နှာဖုံးတစ်ခုကို လှမ်းပေးရင်း ဆိုသည်။ ရှုတင်မန်နေဂျာက 'ခွီး'ခနဲရယ်ကာ လှမ်းယူရင်း 'ကောင်းတယ်'ဟု ဆိုသည်။

* * *

ဦ : မိ : ၀၁၆ ပ

www.burmeseclassic.com

www.burmeseclassic.com

## ၂ သင့်ကြောင့်သရဲစိတ်မညစ်ပါစေနှင့်

သို့နှင့် ကားပေါ် တစ်ယောက်တက်လာလိုက် ရောက်နှင့်ပြီးသားလူတွေက စလိုက်၊ အုပ်စုလိုက်တက်လာပြန်လျှင်လည်း ကားပေါ်ရောက်နှင့်ပြီးသော လူများက ခြောက်လိုက်နှင့် ကားပေါ်မှာ လူစုံကာသွားသည်။ ကားက ခရီးကိုဆက်စဉ် ကားဆရာနှင့် ကားစပယ် ယာမှလွဲ၍ ရှူတင်တစ်ဖွဲ့သားလုံးမှာ သရဲမျက်နှာဖုံးတွေ ကိုယ်စီစွပ်ထားကြရင်း တစ်ယောက်ကို တစ်ယောက် စနေကြသည်။

"ငါဘယ်သူလဲသိလား"

www.burmeseclassic.com

www.burmeseclassic.com

## ၂ [illegible]

ဒါရိုက်တာကြီးက အသံကိုဖျက်ရင်း ဆိုသည်။

"ဒါရိုက်တာကြီးကို ကျွန်တော်တို့ မမှတ်မိပါဘူး"

ဇာတ်ပို့များဖြစ်သော ဖိုးနိုင်နှင့် ဝဏ္ဏတို့ နှစ်ကောင်နှင့် တိုလတ်ကို ထ၍အော်သည်။ ပြီး တခွီးခွီးရယ်ကြသည်။

ကားဆရာဘေးမှနေ နောက်သို့လှည့်ကာ အော်နေသော ဒါရိုက်တာကြီးက သရဲမျက်နှာဖုံးကို ဆွဲချွတ်ရင်း. . .

"မမှတ်မိဘူးလည်းပြောသေး ဒါရိုက်တာကြီးကိုလို့ လည်း ပြောသေး၊ မင်းတို့လည်း သရဲမျက်နှာဖုံးပဲစွပ်စွပ် ဘီလူး မျက်နှာဖုံးပဲ စွပ်စွပ် မင်းတို့အသံတွေကို ငါက ကျက်မိပြီးသား ပါကွာ၊ စွပ်နေလည်း အပိုပါပဲ"

ဟု ရယ်ကျဲကျဲဖြင့်ဆိုသည်။ ပြီး ရုတ်တရက်ကြီး မျက်နှာကို တည်သည်။

"နေပါဦး. . . ရွှေတင်မန်နေဂျာ၊ ငါတို့ ရွှေတင်အဖွဲ့ အားလုံး ဘယ်နှယောက်ပဲရှိတာလဲ"

"သုံးဆယ်လေ၊ ဘာဖြစ်လို့လဲ"

သရဲမျက်နှာဖုံး မချွတ်ထားသော ရွှေတင်မန်နေဂျာက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



“အခု ကားပေါ်မှာပါလာတာ လေးဆယ်လောက်ရှိတယ်”

သွေးဆုတ်နေသော၊ ကြောက်ရွံ့နေသော မျက်နှာကြီးဖြင့် ဒါရိုက်တာကြီးက အလန့်တကြားဆိုသည်။ ကျွန်းသူမားက ကျွီခနဲ ဘရိတ်အုပ်၍ရပ်သည်။

“ကားပေါ်မှာ ဘာတွေပါလာတာလဲဗျ၊ ခင်ဗျားတို့ လူစစ်ကြည့်ဦး”

ကားဆရာက ကားကိုရပ်ရင်း မျက်စိမျက်နှာပျက်ဖြင့် ဆိုသည်။ အားလုံးကလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း လန့်ကုန်ကြသည်။

ဒါရိုက်တာကြီးက ခွီးခနဲထ၍ရယ်သည်။ လူရေတွက်နေသော ကားစပယ်ယာနှင့် အားလုံးက ဒါရိုက်တာကို ကြောင်တောင်တောင်ကြည့်သည်။

“ငါ မင်းတို့ကို နောက်တာပါကွာ၊ ကားပေါ်မှာ ဘာမှ အပိုပါမလာပါဘူး”

ဒါရိုက်တာကြီး၏စကားကြောင့် ကားပေါ်မှလူများ ပွစိပွစိတွေဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရှုတင်အဖွဲ့တွေအများကြီးနဲ့ ကြုံဖူးပါတယ်ဗျာ၊ တစ်ယောက်မကျန် သရဲမျက်နှာဖုံးကြီးတွေ စွပ်ပြီးတော့ ကြက်သီးထ စရာကြီး"

ကားစပယ်ယာက မကျေမချမ်းဖြင့် ရေရွတ်သည်။

"ဟုတ်တယ်ဗျာ. . . ပျော်တာလည်းပျော်ကြပေါ့၊ ခင်ဗျားတို့ဥစ္စာက ညကြီးမင်းကြီး ထိတ်လန့်စရာတွေ ထလုပ်နေတယ်၊ ကျွန်တော် ကားမောင်းရတာ အာရုံနှောက်တယ်ဗျာ၊ ဖြစ်နိုင်ရင် ကျေးဇူးပြုပြီး အားလုံး မျက်နှာဖုံးတွေ ချွတ်ထားပေးကြပါဗျာ၊ ကျွန်တော် မေတ္တာရပ်ခံတာပါ"

ကားဆရာကပါ အီလည်လည်မျက်နှာကြီးဖြင့် ဆိုလာသောအခါ ဒါရိုက်တာကြီးက ခေါင်းကိုညိတ်သည်။

"sorry ပါ ကားဆရာရယ်၊ ဟုတ်တယ်ဟုတ်တယ်၊ ကဲ ကဲ ငါတို့ရှုတင်အဖွဲ့တွေ ကိုယ့်မျက်နှာဖုံး ကိုယ်ချွတ်ပေးကြပါဗျာ၊ ဒီမှာ ကားဆရာကို အားနာစရာကြီး၊ ချွတ်ပြီးသားမျက်နှာဖုံးတွေကိုလည်း အိတ်ထဲ စနစ်တကျပြန်ထားပါ"

"ချွတ်မလို့ပါပဲဗျာ. . . သရဲမျက်နှာဖုံးက ရာဘာစွပ်ဆိုတော့ အနံ့က တော်တော်ဆိုးတယ်၊ မချွတ်နဲ့ဆိုလည်း ချွတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ”

မင်းသားက သရဲမျက်နှာဖုံးကို ချွတ်ရင်း ဆိုသည်။

“ဟုတ်တယ်၊ မျက်နှာဖုံးစွပ်ထားရင် အသက်ရှူလို့မဝ သလိုပဲ၊ ကိုဘုန်းပြောသလို အနံ့က တော်တော်ဆိုးတယ်”

မင်းသမီးက မင်းသား၏စကားကို ထောက်ခံစကားဆို ရင်း မျက်နှာဖုံးကို ချွတ်ကာသိမ်းသည်။

“အရေးထဲမှာ သူတို့နှစ်ယောက်က အတိုင်အဖောက် တွေ ညီနေပြန်ပြီ၊ အဟမ်း. . . အဟမ်း လည်ချောင်းယားတယ် ဟေ့”

ဒါရိုက်တာကြီးက ပြုံးစိစိဖြင့် အရွှန်းဖောက်သည်။ ကားဆရာက အားလုံး မျက်နှာဖုံးချွတ်ပြီးပြီမို့ ကားကို စ၍ မောင်းသည်။

မင်းသားနှင့် မင်းသမီးကတော့ တစ်ယောက်ကို တစ်ယောက် ရှုတ်ကိုးရှက်ကန်းတွေ ကြည့်ကာနေကြသည်။ ကားကတော့ ခရီးဆက်ဆဲ။ ကျန်လူများကတော့ သရဲမျက်နှာဖုံး များကို လူတစ်ယောက်က လိုက်သိမ်းပေးသဖြင့် ယူထားသော အိတ်ကြီးထဲသို့ ပြန်ထည့်လိုက်ကြသော်လည်း မင်းသားက

www.burmeseclassic.com

www.burmeseclassic.com

တော့ မေ့ချင်ယောင်ဆောင်ကာ ဧင်းလက်ထဲမှ သရဲမျက်နှာဖုံး တို့ ဝှက်ကာထားဧ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



●

နယ်မှ ရှုတင်အိမ်ရှိရာဆီ ကားက ညကြီးမင်းကြီးဝင်ရောက်သည်။ တစ်အိမ်လုံးတွင် ခါးကုန်းကုန်းနှင့် ခြံစောင့်အဖိုးအိုမှလွဲ၍ ဘယ်သူမှမရှိ။ မြို့ထဲနှင့် အတော်လေးကိုလှမ်းသောမြို့စွန်ခြံမို့ တိတ်ဆိတ်ကာနေသည်။

မှောင်မှောင်မဲမဲမှာ ထီးထီးကြီးရှိနေသော အိမ်တွင်ရှုတင်အဖွဲ့သားများ ရောက်လာမှုကြောင့် အသက်ဝင်ကာလာသည်။

"ကဲ ကဲ ဒီညတော့ ခရီးပန်းလာလို့ နားလိုက်ငယ်၊

www.burmeseclassic.com

www.burmeseclassic.com



မနတ်ဖြန်မှပဲ စရိုက်ကြတာပေါ့၊ ကားဆရာတို့လည်း ဒီမှာ တစ်ညလောက် အိပ်သွားပါဦး"

"အား. . . တော်ပါပြီဆရာ၊ ကားက ပြန်မောင်းသွားရမှာဗျ"

ကားဆရာက အိမ်ဘက်ကို တစ်ချက်ငဲ့ကြည့်လိုက်ရင်း ကြောက်နေဟန်ဖြင့် ဆိုသည်။ ကားစပယ်ယာက 'ဟုတ်တယ်. . . ဟုတ်တယ်'ဟု ခပ်သုတ်သုတ် ထောက်ခံသည်။

ဒါရိုက်တာကြီးကတော့ ခွီးခနဲ ရယ်သည်။

"ကဲ. . . ကောင်းပါပြီဗျာ၊ ခရီးဆက်မယ်ဆိုလည်း ဆက်လိုက်ပါဦး၊ ကျွန်တော်တို့တော့ နားလိုက်ဦးမယ်"

ကားဆရာက 'ဟုတ်ကဲ့'ဟုဆိုကာ ကားပေါ်တက်ရင်း ကားကို မောင်းထွက်ကာသွားသည်။

ရှုတင်မန်နေဂျာကတော့ ဤအိမ်ကို ခဏခဏရိုက်ကူးရေးအဖွဲ့နှင့် လာနေကြမို့ ဘယ်အခန်းမှာ ဘယ်သူနေ စသည်ဖြင့် နေရာချပေးနေသည်။ Hotel များမရှိသော နယ်မြို့လေးမို့ မင်းသား မင်းသမီးများသည်လည်း ဤရှုတင်အိမ်မှာပင် တည်းကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းဆက်က ဘယ်အခန်းမှာလဲ"

"ဘာလုပ်မလို့လဲ၊ ပြောပြဘူး"

မင်းသား၏အမေးကို မင်းသမီးက ခပ်ချွဲချွဲပင် ငြင်းသည်။

"ကိုယ့်အခန်းနဲ့ကပ်လျက်ဆိုရင် ကောင်းမယ်နော်"

"ဘာဖြစ်လို့တုန်း"

မင်းသမီး၏အမေ အလစ်မို့ မင်းသားက ကပ်၍ကြောင်သည်။

"ဩော်. . . ညရေးညတာကျတော့ စောင့်ရှောက်ရအောင်လို့ပါ"

"မလိုပါဘူး၊ အမေတစ်ယောက်လုံးပါနေတဲ့ဟာ ပြည့်စုံနေပြီးသား"

မင်းသမီးက ခေါင်းကိုမော့ရင်း ညစ်ကျယ်ကျယ်ဆိုသည်။

"သရဲတွေဘာတွေခြောက်ရင် ဘယ့်နှယ်လုပ်မလဲ"

"အမလေး. . . ယွန်းဆက်တို့က သရဲကားရိုက်နေတဲ့မင်းသမီးပါနော်၊ သရဲလာခြောက်လို့ကတော့ ခြောက်တဲ့သရဲကို

www.burmeseclassic.com

www.burmeseclassic.com



ခိုးချိုးပြီးသွားကြားထိုးပစ်လိုက်မယ်၊ ဘာမှတ်နေလဲ"

"ဟုတ်ပါပြီ၊ နောက်တော့မှ ကြောက်လို့ဆိုပြီး လူကို ညာပြီးတော့ လာမဖက်နဲ့၊ လုံးဝမရဘူး၊ လက်ဖျားနဲ့တောင် ထိဖို့မကြိုးစားနဲ့"

မင်းသားကလည်း ပြောင်စိစိဖြင့်ဆိုသည်။

"မထိတာ. . . မထိတာ"

မင်းသမီးက ခပ်ညှုညှုဆိုရင်း သူမ၏အမေ လာနေသည်မို့ ထွက်ကာသွားသည်။ ပြီး မင်းသားကို လျှာထုတ်ကာ ပြောင်ပြသွားသည်။ မင်းသားရင်မှာ တလှပ်လှပ်ဖြစ်ကာ ကျန်ရစ်၏။

"သရဲမကြောက်ဘူးဆိုတဲ့ ယွန်းဆက်၊ ဒီနေ့ညတော့ တွေ့ကြသေးတာပေါ့ကွာ၊ ကြောက်ပါပြီတော့လို့ကို အော်သွားစေရမယ်၊ အမလေးတောင်တဖို့ မေ့သွားစေရမယ် ဟွန်း"

မင်းသားက ပွစိပွစိဖြင့် ကြိမ်းဝါးသည်။

"မင်းသားရေ"

"အမလေးဗျ"

ပခုံးကို ဆတ်ခနဲလာပုတ်ရင်း ဒါရိုက်တာကြီး၏အသံမှ

www.burmeseclassic.com

www.burmeseclassic.com



'မင်းသားရေ'ဟု ခေါ်လိုက်သည်မို့ မင်းသား လန့်ဖြန့်ကာ သွားသည်။

"လန့်လိုက်တာဗျာ"

မင်းသားက နောက်ကိုလှည့်ကြည့်ရင်း ဆိုသည်။

"တည်းရမယ့်အခန်းကို ပြောပြမလို့ပါ၊ အိမ်ပေါ်ကို တက်သွား၊ လှေကားအဆုံးမှာ ညာဘက်ကိုလှည့်လိုက်ရင် တွေ့တဲ့အခန်းပဲ"

"ဟို. . . ယွန်းဆက်ရဲ့အခန်းကရောဗျ"

"ခင်ဗျားအခန်းရဲ့ ကပ်လျက် ညာဘက်ကအခန်းပဲ၊ ဘာလဲ အောက်ထပ်ကို ရွှေ့ပေးရမလား"

"ဒါရိုက်တာကြီးကလည်း ငြိမ်းခြောက်တယ်ဗျာ သိရဲ့ သားနဲ့"

မင်းသားက ရှက်ကိုးရှက်ကန်းဖြင့် ဆိုရင်း ဟက်ခနဲ ရယ်သည်။ ၎င်း၏စိတ်မှာတော့ 'ယွန်းဆက်ရေ ဒီညတော့ သရဲ အခြောက်ခံရပြီသာမှတ်တော့'ဟု ကြုံးဝါးကာနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှုတင်ရိုက်မည့်အိမ်ကြီးမှာ အတော်အသင့်ကြီးမားသည်မို့ ရှုတင်အဖွဲ့သားများအားလုံး အဆင်ပြေပြေ ချောင်ချောင်ချိချိ တည်းခို၍ရနေသည်။

တကယ်တမ်းကျ ဤအိမ်မှာ အလွန်အစအနောက်သန်သော သရဲတစ်ကောင်ရှိသည်ကို ရှုတင်အဖွဲ့သားများ မသိကြ။ မြို့ငယ်လေးမှာတော့ ပြောင်ချော်ချော်သရဲတစ်ကောင် ရှိသည်ဟု သိသူလည်းရှိ မသိသူလည်းရှိဖြင့် ဟုတ်သလိုလို မဟုတ်သလိုလိုဖြင့် အမှုမဲ့အမှတ်မဲ့သာ နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက အခန်းထဲရောက်ရောက်ချင်း ခုတင်ပေါ်မှာ နေရာယူဖြစ်သည်။ တစ်ဖက်ခုတင်ဘေးမှာတော့ ၎င်း၏တပည့်ကျော် ကြီး မောင်ထက်က ပစ္စည်းများကို ဟိုထုတ်ဒီချဖြင့် အလုပ်ရှုပ်ကာနေသည်။

"မောင်ထက်ရေ"

"ဗျာ. . . ကိုဘုန်း"

"အဲဒီ မင်းဘေးက သရဲမျက်နှာဖုံးကို ငါ့ခေါင်းအုံးဘေးမှာ ချထားပေးကွာ၊ ငါ တစ်မှေးမှေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ပြောပြီးပြီးချင်း မင်းသားက မောင်ထက်ကို ကျောပေးကာ ကိုယ်စောင်းလှည့်လျက် အိပ်ကာသွားသည်။

မောင်ထက်က ပျော့ဖတ်ဖတ်ကြီးဖြစ်နေသော မျက်နှာဖုံးကို တောင့်တောင့်တင်းတင်းဖြစ်စေရန် မင်းသားချွတ်ထားသော အနွေးထည်ပါးကို မျက်နှာဖုံးတွင်းသို့ သွပ်ထည့်လိုက်သည်။

ခေါင်းပြတ်သဖွယ် ပိပိပြင်ပြင်ကြီး အသက်ဝင်နေသော သရဲမျက်နှာဖုံးကို မင်းသား၏ ခေါင်းအုံးဘေး၌ မင်းသားဘက်



www.burmeseclassic.com

www.burmeseclassic.com



တို့ မျက်နှာမူကာ ထားလိုက်သည်။ ပြီး 'ကိုဘုန်းတော့ ဒီဘက်ကို ရှုတ်တရက်ကြီး လှည့်လိုက်ရင် လန့်သွားမှာသေချာတယ်' ဟု တွေးရင်း ဟက်ခနဲရယ်သည်။

ထို့နောက် လက်မှနာရီကိုကြည့်ရင်း 'အင်း. . . ဒီအချိန်ဆို ဖိုးနိုင်တို့ကောင်တွေ ခွက်ပုန်းဆွဲနေလောက်ပြီ၊ ငါလည်း ကိုဘုန်းမေ့နေတုန်း အမြန်ပြေးဆွဲဦးမှ'ဟု တွေးကာ ခြေကိုဖွနင်းရင်း အခန်းထဲမှ ထွက်ကာသွား၏။ မင်းသားကတော့ ခပ်ကွေးကွေးအနေအထားဖြင့် အိပ်ပျော်သွားပြီဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



**The sublime and the ridiculous are often so nearly related, that it is diffcult to class them seperately.**

'ထူး'တာနဲ့ 'ကြောင်'တာက တစ်ခါတစ်ခါ တော်တော်လေး နီးစပ်တယ်။ ဒါကြောင့် ဒီနှစ်ခု ကွဲပြားအောင် ခွဲခြားရခက်တယ်။

***Thomas Paine***

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

နာရီဝက်နီးပါး အိပ်ပျော်သွားသော မင်းသားက ဖျတ်ခနဲနိုးလာသည်။ နိုးနိုးချင်း တစ်ဖက်သို့ စောင်းနေရာမှ သရဲမျက်နှာဖုံးရှိရာဘက်သို့ အလှည့်. . .

"အမလေးဗျ"

အလန့်တကြားအော်ရင်း မင်းသားက ငေါက်ခနဲ ထထိုင်သည်။ ပြီးနောက် သရဲမျက်နှာဖုံးကိုကြည့်ကာ 'တောက်' ခနဲ တက်ခေါက်သည်။

"ဟိုကောင် မောင်ထက်ကလည်း အလုပ်မရှိကြောင်

www.burmeseclassic.com

www.burmeseclassic.com



သန်းရှာ မျက်နှာဖုံးထဲကိုများ ဘာတွေလျှောက်ထည့်ထားမှန်းကို မသိဘူး၊ ဖောင်းကားနေတာပဲ၊ အောင်မာမာ ကြည့်စမ်းငါ့အင်္ကျီထူကို ခေါက်မထားဘဲနဲ့ ဒီကျက်သရေမရှိတဲ့ မျက်နှာဖုံးထဲ ထည့်ထားသေးတယ်၊ ကဲကွာ"

ပြောပြောဆိုဆိုပင် စိတ်တိုတိုဖြင့် သရဲမျက်နှာဖုံးကို ပြတင်းပေါက်မှနေ ပစ်ထုတ်ပစ်လိုက်သည်။ အင်္ကျီထူကိုမူ ခြေရင်းသို့ ပစ်လိုက်သည်။

"ဘယ်ထွက်သွားမှန်းလည်းမသိဘူး၊ ငါ့ဘာသာငါ ယွန်းဆက်ဆီ ဖုန်းဆက်တာပဲကောင်း၊ အင်း. . . သူ့အမေရှိနေတော့ ဖုန်းဆက်လို့ဖြစ်မယ်မထင်ဘူး၊ Message ပဲ ပို့တော့မယ်ကွာ"

တစ်ယောက်တည်း ပွစိပွစိရွတ်ရင်း သူ့ ဖုန်းကို ကောက်ကိုင်ဖြစ်သည်။ လက်မှနာရီကို အမှတ်တမဲ့ ကြည့်တော့ အချိန်က ၈ နာရီခွဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြေစောင့်အဘိုးအိုက မီးအိမ်အောက်မှ သရဲမျက်နှာဖုံးကို ကောက်ယူ၍ကြည့်သည်။

လမ်းလျှောက်နေတုန်း သူ့ရှေ့မှာကျနေသော မျက်နှာဖုံးကို ကိုင်ရင်း အိမ်ပေါ်သို့ မော့ကြည့်သည်။

“အပေါ်ထပ်ကလား အောက်ထပ်ကလား မသိပါဘူး၊ ဒါကြီး ပြုတ်ကျလာတာက ကြည့်ရတာ ဒီဟာက သူတို့ ဗီဒီယို ရိုက်ဖို့ဟာပဲ ဖြစ်မယ်၊ အချိန်လည်း စောသေးတယ်ဆိုတော့ တစ်ခန်းပြီးတစ်ခန်း လိုက်မေးကြည့်တာပဲ ကောင်းပါတယ်၊

www.burmeseclassic.com



တော်ကြာ မတွေ့လို့ လိုက်ရှာကြပြန်ရင်လည်း ငါပဲအိပ်ရေး ပျက်မှာ"

အဘိုးအိုက ပွစိပွစိရွတ်ရင်း တောင်ဝှေးနှင့် သရဲ မျက်နှာဖုံးကို တွဲကိုင်ကာ တစ်ဖက်က မှန်အိမ်ကိုကိုင်ရင်း အိမ်ထဲသို့ဝင်ရန်အလှည့် မီးက ဖျတ်ခနဲ ပျက်ကာသွားသည်။

"ဩော် . . . အရေးထဲမှာကွာ တော်သေးတယ်၊ ဖယောင်းတိုင်နဲ့ မီးခြစ်တွေ အခန်းတိုင်းမှာ အသင့်ပြင်ထား ပေးလို့"

ခါးကုန်းကုန်းနှင့် အဘိုးအိုက တရွေ့ရွေ့ဖြင့် အိမ်ထဲ ဝင်လာရင်း အောက်ထပ်ရှိ အခန်းတစ်ခန်းကို တံခါးသွားခေါက် သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှာရှိနေသည်က မောင်ထက်နှင့် ဇာတ်ပို့ ဇာတ်ရံ များဖြစ်ကြသော ကိုလတ်၊ ဝဏ္ဏနှင့် ဖိုးနိုင်တို့ဖြစ်သည်။

ယစ်ရွှေရီက ယစ်မူးစမို့ ကိုယ်စီ မျက်စိတွေ ဝေဝါးနေကြရင်း က 'ဘယ်သူလဲဗျို့'ဟု တစ်ယောက်တစ်ပေါက် ခပ်တိုးတိုးစီ ထရွတ်ကြသည်။ မူးစပြုနေသော်လည်း အသံကျယ်ကျယ် မထွက်ရဲ။ ဒါရိုက်တာနှင့် ရှုတင်မန်နေဂျာ သိသွားပါက အဆူခံရနိုင်သည်ကို။

"အဘိုးပါကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးတဲ့ကွ၊ ဒီအိမ်က အဘိုးပဲဖြစ်မယ်၊ ဟိုကောင် ဖိုးနိုင် ဖွင့်ပေးလိုက်စမ်းပါကွာ"

မောင်ထက်က ဆရာကြီးအထာဖြင့် ဆိုသည်။

"လာပြီ အဘိုးရေ"

ဖိုးနိုင်က ပြောပြောဆိုဆိုပင် တံခါးပေါက်ကို ထဖွင့် ပေးသည်။ အခန်းတွင်းမှာ ထွန်းထားသော ဖယောင်းတိုင်နှင့် အဘိုး၏ လက်ထဲမှ မီးအိမ်၏အလင်းရောင်ကြောင့် အခန်း တွင်းမှာ အသင့်အတင့်လင်းကာနေသည်။ မီးအိမ်ကို မြှောက် ကာထားသောကြောင့် ကျန်လက်တစ်ဖက်မှာကိုင်ထားသော ခေါင်းပြတ်ကြီးနှင့်တူသည့် သရဲ မျက်နှာဖုံးကို ဘယ်သူမှမမြင် ကြ။ အဘိုးက အခန်းထဲသို့ ခြေနှစ်လှမ်း ခန့်ဝင်သည်။

"ရှေ့မှာ ပစ္စည်းလေးတစ်ခု ကောက်ရလို့ပါကွယ်၊ ဒီအခန်းက ကျတာလားလို့ မေးကြည့်မလို့ပါ၊ လူလေးတို့ဟာ လားလို့"

"ပိုက်ဆံအိတ်လား အဘိုး"

ကိုလတ်က ရယ်ကျဲကျဲဖြင့် ဆိုသည်။

"ဒါလေးပါကွယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဘိုးက ပြောပြောဆိုဆိုပင် သကောင့်သားလေးတောင်၏ ရှေ့သို့ ခေါင်းပြတ်ကြီးနှင့်တူသော သရဲမျက်နှာဖုံးကို ဆတ်ခနဲ မြှောက်ပြသည်။

"အမလေး သရဲ"

"ပလုတ်တုတ် ကြီးဟ"

ရုတ်တရက်မို့ လေးယောက်စလုံး တစ်ယောက်တစ်ပေါက်စီအော်ရင်း လန့်သွားကြသည်။ ကျယ်ကျယ်လည်း မအော်ရဲ။

"ဒါ. . . ဒါ မင်းသားရဲ့ဟာပဲ၊ ဘယ်လိုလုပ် အောက်ကို ရောက်နေတာတုန်းမသိဘူး၊ ပေး ပေး အဘ ကျေးဇူးပါပဲဗျာ"

မောင်ထက်က ပြောပြောဆိုဆိုပင် ယူထားလိုက်သည်။

"အေး. . .ဟုတ်ပြီ၊ ဟုတ်ပြီ"

အဘိုးအိုက တုန်ချီတုန်ချီဖြင့် ထွက်ကာသွားသည်။

"လန့်လိုက်တာကွာ"

ဝဏ္ဏက သက်ပြင်းချရင်း ဆိုသည်။

"ငါကတော့ အကြံရပြီကွ"

မောင်ထက်က လက်ဖျစ်တီးရင်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦး. . . ဘာအကြံရတာတုန်း"

ကိုလတ်က အမေးရှိသည်။ မောင်ထက်က. . .

"ဒီလိုကွာ ကျန်တဲ့မျက်နှာဖုံးတွေက ဒါရိုက်တာကြီး သိမ်းထားလို့ တစ်ခုမှ ငါတို့ဆီမှာမရှိဘူး"

"ဟုတ်တယ်လေ. . . ကားပေါ်မှာကတည်းက သိမ်း ထားတာ၊ တစ်ယောက်နဲ့တစ်ယောက် စကြလို့ဆိုပြီးတော့"

ဖိုးနိုင်က ထောက်ခံစကားဆိုသည်။

"အေး. . . ဒီမျက်နှာဖုံးတောင်မှ ငါ့ဆရာက လက် သွက်သွက်နဲ့ ဖွက်ထားလို့ ကျန်နေတာကွ သိလား"

မောင်ထက်က မင်းသားလက်သွက်ကြောင်းကို ခပ်ကြွားကြွားဆို၏။

"ဒါနဲ့ပဲ လိုရင်းက ပျောက်တော့မယ်၊ မင်း စောစောက ပြောတဲ့ အကြံရပြီဆိုတာက ဘာကိုပြောတာလဲကွ"

ဝဏ္ဏက စိတ်မရှည်သလို ထ၍မေးသည်။

"ဒီလိုကွာ. . . ဒီမျက်နှာဖုံးကို ကိုင်ပြီးတော့ စောစော က အဘိုး ငါတို့ဆီကို လာမေးသလိုပဲ မေခတ္တာတို့အခန်းကို သွားမေးပြီး ခြောက်ရအောင်၊ အပျော်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မောင်ထက်က မျက်နှာဖုံးကို မြှောက်ပြရင်း ဆိုသည်။

"အေး. . . ကောင်းတယ်"

ကိုလတ်က တက်ကြွစွာ ထောက်ခံသည်။

မေခတ္တာ၊ နှင်းနေခြည်နှင့် ဖြူဖြူတို့က အမျိုးသမီး ဇာတ်ပို့များ ဖြစ်ကြသည်။ မင်းသမီး၏သူငယ်ချင်းနေရာတွင် သရုပ်ဆောင်ကြမည့်သူများ ဖြစ်သည်။ ကိုလတ်က ခေါင်းကို ကုတ်သည်။

"ဒါရိုက်တာနဲ့ ရှုတင်မန်နေဂျာသိရင် ဆူနေပါဦးမယ် ကွာ"

"မဆူပါဘူးကွာ၊ ဒီလိုပဲ အချင်းချင်းစနေကြပဲဥစ္စာ"

ကိုလတ်၏စကားကို မောင်ထက်က ဆင်ခြေပေးရင်း ငြင်းသည်။ အကြောင်းက မေခတ္တာကို သူက ကြောင်ချင်နေသည်ကိုး။

"ဒါနဲ့ ဒီအချိန်ကြီး ကောင်းပါ့မလားကွ၊ မိန်းကလေး တွေ အခန်းကိုသွားရင် သင့်တော်ပါ့မလား"

ဖိုးနိုင်က တွေးတွေးဆဆပင် ဆိုသည်။

"အာ. . . နောက်ပြသနာ နောက်ရှင်းကွာ၊ လာ လာ

www.burmeseclassic.com

www.burmeseclassic.com



သွားရအောင်"

ရီဝေရီဝေဖြစ်နေပြီမို့ မောင်ထက်က သရဲမျက်နှာဖုံးကြီးကို ဆံပင်မှ တွဲလောင်းကိုင်ရင်း တက်ကြွစွာ ထရပ်သည်။

"ကဲကွာ. . . မင်းက ဒီလောက်ထိ စိတ်အားသန်နေမှတော့ ငါ ပါရမီဖြည့်တဲ့အနေနဲ့ လိုက်ကူရတော့မှာပေါ့ကွာ၊ ဒါပေမယ့် နှစ်ကောင်ကကျန်ခဲ့"

ဝဏ္ဏက ရီဝေဝေဖြစ်နေသော မျက်လုံးကို ခပ်ပြူးပြူးလုပ်ရင်း ပုံမှန်ထက် အနည်းငယ်လေးနေသော လျှာလေးအာလေးသံဖြင့် ဆိုသည်။

ပြီး 'လေးယောက်စလုံးသွားရင် မကောင်းဘူးကွ'ဟု ဆိုသည်။ သို့နှင့် သူတို့နှစ်ယောက်သား အခန်းထဲမှ ထွက်ခဲ့ကြ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက တစ်ယောက်တည်း အခန်းထဲမှာနေရင်း မင်းသမီးဆီ Message တွေပို့လိုက်၊ ပြန်လာသော Message တွေ ဖတ်လိုက်ဖြင့် တစ်ယောက်တည်း တခွီးခွီးတွေ ဖြစ်ကာ နေသည်။

"ယွန်းဆက်ကို ချစ်တယ်"

မင်းသားက Message ကို ပို့ပြီး သိပ်မကြာခင် မင်းသမီးဆီမှ Message တစ်စောင် ပြန်ရောက်လာသည်။

"ကိုဘုန်းကို မချစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



Message ကိုဖတ်ရင်း မင်းသားပြုံးဖြစ်သည်။

"ချစ်ပါကွာ"

မင်းသားက ပြန်ရိုက်၍ ပြန်ပို့သည်။

"မချစ်ဘူး"

"ယွန်းဆက်မချစ်လို့ ကိုယ်သေသွားရင် ဘယ်လိုလုပ်မလဲ"

"အမျှဝေပေးမှာပေါ့"

"ဟာကွာ. . . ကိုယ်က သရဲဖြစ်ပြီး ခြောက်မှာနော်"

"မကြောက်ပေါင်၊ ဘေးမှာ မေမေတစ်ယောက်လုံးရှိတယ်၊ ခိုင်းဖို့ခေါ်လာတဲ့ သူဇာလည်းရှိတယ်"

"ကျန်တဲ့နှစ်ယောက် မမြင်ရဘဲနဲ့ ယွန်းဆက်တစ်ယောက်တည်းမြင်ရအောင်လုပ်ပြီး ခြောက်မှာပေါ့၊ ဘယ်ရမလဲ"

"မဖြစ်နိုင်တာ"

"ချစ်တယ်ကွာ"

"မချစ်ဘူး"

"ကိုယ် ယွန်းဆက်ကို အရမ်းချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယွန်းဆက်က ကိုဘုန်းကို လုံးဝမချစ်ဘူး"

တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် Message တွေပို့ကြရင်း မင်းသားတစ်ယောက် ပြုံးစိစိတွေဖြစ်ကာနေသည်။

ထိုအချိန်မှာ သရဲငပေါကတော့ တစ်အိမ်လုံးကို တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ပတ်ကြည့်ရင်း ခေါင်းကို ကုတ်သည်။

အစအနောက်သန်သော သရဲမို့ သူနေသောအိမ်သို့ ရောက်လာသည့် လူများကိုခြောက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

"တောက် . . . လာတဲ့လူတွေကအများကြီး၊ ဘယ်အခန်းကစပြီး ခြောက်လို့ခြောက်ရမှန်းကို မသိတော့ဘူး"

အာရုံစားနေသော သရဲငပေါသည် နောက်ဆုံးတော့ အခန်းထဲမှာ တစ်ယောက်တည်းဖြစ်နေသော မင်းသားကို စခြောက်ရန် ဆုံးဖြတ်လိုက်သည်။

မင်းသမီးနှင့် အီစီကလီရိုက်ရင်း ပျင်းလာသည်မို့ မင်းသားက ဖုန်းတွင် နားကြပ်တပ်ရင်း သီချင်းနားထောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

တကယ်တမ်းတော့ သရဲငပေါ၏ ရုပ်ရည်က မင်းသား လွှင့်ပစ်လိုက်သော သရဲမျက်နှာဖုံးနှင့် ချွတ်စွပ်တူသည်။ သို့သော် ထိုမျက်နှာဖုံးရှိမှန်း မင်းသားပစ်ထုတ်လိုက်မှန်းတို ရင်းကမသိ။

သို့နှင့် သရဲငပေါက မင်းသားအခန်းထဲသို့ ဝုန်းခနဲ ဝင်ကာ ပါးစပ်ကိုဖြဲ၊ လက်ကိုကားရားရားလုပ်ရင်း ခြောက် သည်။

ဖြစ်ချင်တော့ မင်းသားက မျက်လုံးမှိတ်ကာ သီချင်း နားထောင်နေသည်မို့ သရဲခြောက်လို့ခြောက်မှန်းပင်မသိ။

'ဂါး. . . ဂါး'ဟု ခြောက်နေသော သရဲငပေါမှာ ကြောင် တောင်တောင်ကြီး ဖြစ်ကာသွားသည်။

မျက်လုံးစုံမှိတ်ကာ စည်းချက်ကျကျ လှုပ်စိလှုပ်စိဖြစ် နေသော မင်းသားကိုကြည့်ရင်း သရဲငပေါ စိတ်ဓာတ်ကျတာ သွားသည်။

"မျက်လုံးမှိတ်ထားမှတော့ ပြူးပဲပြူး ဖြဲပဲဖြဲ ဘယ်တော့ လာ အလုပ်ဖြစ်တော့မှာတုန်း၊ ဒီအခန်းကိုမှ လာခြောက်မိရတ်

www.burmeseclassic.com

www.burmeseclassic.com

သား ဖြစ်နေပြီ၊ ငါဘယ်လိုခြောက်ရပါ့”

သရဲငပေါသည် ရုပ်နေရင်းက ခေါင်းကိုကုတ်၍ စဉ်းစားခန်းဖွင့်ကာနေသည်။ ပြီး လက်ဖျစ်တီး၏။

“ဟုတ်ပြီ. . . ရုပ်နဲ့ ခြောက်လို့မရရင် အသံနဲ့ခြောက်ရမယ်”

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



သရဲမျက်နှာဖုံးကို ခေါင်းပြတ်ကြီးသဖွယ် ဆံပင်မှတိုင် ကာထားသော မောင်ထက်နှင့် မျက်လုံးကို အတော်ကြီးအား ယူကာ ဖွင့်ထားသော ဝဏ္ဏတို့နှစ်ကောင်က ဓာတ်မီးတစ်လက် ဖြင့် မေခတ္တာတို့ အခန်းရှေ့ကို ရောက်လာကြသည်။

"ဒီအခန်းသေချာရဲ့လားကွာ"

ဝဏ္ဏက မျက်လုံးကိုပွတ်ရင်း ဆိုသည်။

"ငါက ငါ့အခန်းဘယ်မှာလဲဆိုတာ မသိခင်ကတည်းက မေခတ္တာအခန်း ဘယ်မှာလဲဆိုတာ ကြိုစုံစမ်းထားပြီးသား



www.burmeseclassic.com

www.burmeseclassic.com

သ ပြည်မိုင်မှူးအိမ်

မောင်ထက်က လက်မထောင်ရင်းဆိုသည်။ ထိုစဉ်မှာပင် အခန်းတံခါးက ရုတ်တရက်ကြီး ဝုန်းခနဲ ဆွဲဖွင့်လိုက်သည်မို့ သကောင့်သားနှစ်ကောင်ရော၊ အခန်းရှေ့မှာ လူရှိနေသည်မို့ တံခါးဝမှာ ဘွားခနဲ မြင်လိုက်ရသည့် အခန်းတံခါးဖွင့်လိုက်သူ မေခတ္တာပါ 'အမလေး'ဟု ပြိုင်တူအော်ရင်း လန့်သွားကြသည်။

"ဟဲ့. . . နင်တို့နှစ်ကောင်က ငါတို့အခန်းရှေ့မှာ ဘာလာချောင်းနေတာလဲ"

မေခတ္တာက ရင်ကိုဖိရင်း အလန့်တကြားဖြင့် ငေါက်သည်။ အသံဗလံများ ကြားသည်မို့ အခန်းဖော်များဖြစ်ကြသော နှင်းနေခြည်နှင့် ဖြူဖြူတို့ပါ တံခါးဝကို ရောက်လာကြသည်။

"ဘာကိစ္စချောင်းရမှာလဲ၊ နင်တို့အခန်းရှေ့မှာ ပစ္စည်းတစ်ခု ကျနေတာတွေ့လို့၊ နင်တို့ဥစ္စာလားလို့ မေးမလို့လာတာ၊ နင်က ရုတ်တရက်ကြီး တံခါးဖွင့်လိုက်တော့ တံခါးခေါက်မလို့ လုပ်နေတဲ့ ငါတို့နှစ်ကောင်က လန့်သွားတာပေါ့ဟ"

မောင်ထက်က ခပ်သွက်သွက်ဆိုသည်။

"အေးလေ. . . မပြောမဆိုနဲ့ ဝုန်းခနဲ ဖွင့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



လန့်တာပေါ့ဟ"

ဝဏ္ဏကပါ ဝင်၍ဆိုသည်။

"နင်တို့ကလည်းဟယ် ယောကျ်ားတွေမဟုတ်ကြတဲ့ အတိုင်းပဲ၊ တံခါးလေးဖွင့်တာကို လန့်စရာလား"

ဖြူဖြူက အပြစ်တင်သည်။

"ဟ. . . ယောကျ်ားလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ် ပဲ၊ လန့်စရာရှိရင် လန့်မှာပေါ့၊ အသည်းငယ်တယ်ပြောလည်း ခံရတော့မှာပဲ"

မောင်ထက်က ဆင်ခြေပေးသည်။

"ဒါနဲ့ လိုရင်းကပျောက်တော့မယ်၊ ငါတို့အခန်းရှေ့မှာ တွေ့တာက ဘာကြီးလဲဟု မေခတ္တာက မေးသည်။

"အေး. . . ပြစမ်းပါဦး ဘာကြီးလဲ"

မီးပျက်နေသည်မို့ ဖယောင်းတိုင် ကိုင်ထားသော နှင်းနေခြည်က ဖယောင်းတိုင်ကို မြှင့်ကာကိုင်ရင်း ဆိုသည်။

မောင်ထက်က နောက်မှာဖွက်၍ကိုင်ထားသော ခေါင်းပြတ်ကြီးနှင့်တူသည့် သရဲမျက်နှာဖုံးကြီးကို သူမတို့ရှေ့ ဆတ်ခနဲပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးလဲဆိုတော့ ဒါကြီး"

"အမလေးတော့"

"အမငို့ ဘာကြီးတုန်း"

သရဲမျက်နှာဖုံးကို ဓာတ်မီးဖြင့် အောက်မှပင့်ထိုးရင်း ပြသည်မို့ ကောင်မလေးသုံးယောက်စလုံး လန့်ဖြန့်ကာသွားသည်။

"အမလေး မီးပြတ်လို့ လန့်နေပါတယ်ဆိုနေမှ သေတော့မှာပဲ၊ အမလေး လိပ်ပြာတောင်ရှိသေးရဲ့လားမသိဘူး"

မေခတ္တာက ရင်ဘတ်ကိုဖိရင်း ဆိုသည်။ ဖြူဖြူက မောင်ထက်လက်ထဲမှ သရဲမျက်နှာဖုံးကို ဆတ်ခနဲဆွဲယူသည်။

"အဲဒါကြီးက နင့်ဥစ္စာမို့လို့လား"

နှင်းနေခြည်က နှာခေါင်းရှုံ့ရင်း မေးသည်။

"ငါ့ဥစ္စာတော့မဟုတ်ဘူး၊ ဒါပေမယ့် ယူထားမလို့"

"ငါသိတယ်၊ နင်မိတ်ကပ်ဆရာတွေကို သွားခြောက်မလို့ မဟုတ်လား"ဟု မေခတ္တာက ဆိုသည်။

"အေး. . . ဟုတ်တယ်၊ ဝဏ္ဏနဲ့မောင်ထက် နင်တို့သွားကြတော့၊ ဒါ ဘယ်သူ့ပစ္စည်းပဲဖြစ်ဖြစ် မနက်ဖြန်မှပြန်ယူတော့၊



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ငါတို့ ခေါင်ငှားထားလိုက်မယ်"

"အေး. . . ပြီးရော"

ဖြူဖြူ၏စကားအဆုံးမှာ ဝဏ္ဏက ပြီးရောဟု ဆိုသည်။ မောင်ထက်ကတော့ မသွားချင်သေးသော်လည်း တံခါးက ပိတ်သွားပြီမို့ လှည့်ပြန်လာခဲ့ရ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



သရဲငပေါသည် ရုပ်ပြကာ ခြောက်လှန့်၍မရသော မင်းသားကို အသံဖြင့်ခြောက်လှန့်ရန် ဆုံးဖြတ်ချက်ချသည်။

"အသံကြားလို့ မျက်လုံးဖွင့်လာလို့ကတော့ ဘွားခနဲကို လျှာထုတ်ပြပြီး ခြောက်လိုက်ဦးမယ်"

သရဲငပေါသည် မချင့်မရဲရေရွတ်ရင်း ဘေးဘီကိုကြည့်သည်။

"ဟုတ်ပြီ . . . ဒီဟာကြီးကို တွန်းလှဲလိုက်ရင် ဝုန်းခနဲ အသံမြည်မှာပဲ၊ မင်းကပဲ မျက်စိမှိတ်ထားနိုင်မလား၊ ငါကပဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်မလား ကြည့်ကြတာပေါ့"

ပြောပြောဆိုဆို သရဲငပေါက ခုတင်ခြေရင်းမှ ကုလားထိုင်ကို ဝုန်းခနဲနေအောင် တွန်းလှဲပစ်၏။

"ဝုန်း"

ကုလားထိုင်လဲလဲချင်း သရဲငပေါက ပါးစပ်တို့ဖြဲ လက်ကိုကားရင်း 'ဂါး'ဟု အသံပြုသည်။ သို့သော် အချိုးနှီး ပင်ဖြစ်သည်။ သရဲငပေါက မျက်လုံးပင်ဖွင့်မကြည့်ဘဲ သီချင်းနှင့်အတူ စည်းချက်လိုက်နေသော မင်းသားကိုကြည့်ရင်း ခေါင်းကိုကုတ်သည်။

"တောက်. . . ဘယ်လိုလူမှန်းကိုမသိဘူး"ဆိုတဲ့ စကားက ဒီလိုလူကြောင့် ပေါ်လာတာဖြစ်မယ်၊ မျက်လုံးလေးတွေ ဖွင့်မကြည့်ဘူး၊ အေး မင်းတပဲ ပိတ်နိုင်မလား၊ ငါတပဲ ဖွင့်နိုင်မလား ကြည့်ကြသေးတာပေါ့"

သရဲငပေါသည် ဘေးဘီကိုကြည့်ရင်း စောစောက သရဲမျက်နှာဖုံးထဲမှ ဆွဲထုတ်ထားသော မင်းသား၏ အတိုးထုကို ကောက်ကာ မင်းသား၏ မျက်နှာပေါ် ပစ်တင်လိုက်သည်။

"ဘာလုပ်တာလဲကွ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် ရုတ်တရက် မျက်နှာပေါ်ကျလာသော အနွေးထည်အကျီထူကို ဖယ်ရင်း ရေရွတ်သည်။

"ဂါး"

အသင့်စောင့်နေသော သရဲငပေါက 'ဂါး'ဟု ပါးစပ်ကြီးဖြဲကာ ခြောက်သည်။ သို့သော် မင်းသားက တုပ်တုပ်ပင် မလှုပ်။

မင်းသား၏စိတ်ထဲမှာ သူပစ်ထုတ်လိုက်သော သရဲမျက်နှာဖုံးကို မောင်ထက်က ကောက်စွပ်လာပြီး သူ့ကိုလာ နောက်နေသည်ဟု ထင်နေသည်။ ထို့ကြောင့်လည်း တစ်ကြောင်း၊ သရဲငပေါ၏မျက်နှာ ကလည်း သူပစ်ထုတ်လိုက်သော သရဲမျက်နှာဖုံးနှင့် ချွတ်စွပ်တူနေ သည်မို့ သရဲခြောက် နေသည်ဟု သိပင်မသိ။ 'ငါက ကြောက်နေဦးမယ်'ဟု ဟက်ခနဲ ရယ်ရင်း ဆိုသည်။

သရဲတစ်ကောင်လုံး လတ်လတ်ဆတ်ဆတ်ကြီး မြင်နေသော်လည်း တုန်လှုပ်မှုမရှိဘဲ 'ငါကကြောက်နေဦးမယ်'ဟု မထီလေးစားဆိုလာသော မင်းသားကိုကြည့်ရင်း သရဲငပေါ် တင်းသွားရသည်။ 'ဖယောင်းတိုင်မှိန်ပြပြသာ ထွန်းထားသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာပဲ မမြင်လို့လား’ဟု တွေးရင်း သရဲငပေါက ပါးစပ်ကိုဖြဲ လက်ကိုကားရင်း ‘ဂါး’ဟု နောက်တစ်ခေါက် ထပ်ခြောက်သည်။ မင်းသားက စိတ်တို လာဟန်ဖြင့် ငေါက်ခနဲ ထထိုင်သည်။

“ဟကောင် မောင်ထက်၊ ခြောက်ချင်ရင် တခြားအခန်း သွားခြောက်၊ ငါစိတ်တိုလာလို့ ဆွဲထိုးရင် နှာခေါင်းရိုးကျိုးဦး မယ်၊ ဂါးလည်း လာမလုပ်နဲ့၊ ဝါးလည်းလာမလုပ်နဲ့ ငါပျင်း လွန်းလို့”

ပြောပြီး မင်းသားက စောစောတုန်းက အကျီထူနှင့် သရဲငပေါကို မောင်ထက်အမှတ်ဖြင့် လှမ်းရှဲပေါက်သည်။

သရဲငပေါက ဆတ်ခနဲရှောင်သည်။ ပြီး နားမလည် နိုင်စွာ အူကြောင်ကြောင်ဖြင့် မင်းသားကို ကြည့်သည်။ သကောင့်သားက မကြောက်သည့်အပြင် သူ့ကို ဘော်ဒါအရင်း သဖွယ် ပြောဆိုဆက်ဆံနေသည်ကိုး။

“ဘာလဲ ငါကမကြောက်လို့ မင်းခြောက်ရကျိုးမနပ် ဖြစ်ပြီး စိတ်ညစ်နေတာလား၊ ဒီမှာကြည့် ငါကြောက်ပြမယ်”

မင်းသားက သရဲငပေါကို ‘ဒီမှာကြည့်’ဟု ဆိုရင်း . .

www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . သရဲကြီး ကြောက်လိုက်တာကို လွှန်ရောဗျို့"

ဟု ပြောင်ချော်ချော်လုပ်ပြသည်။

"ကဲ. . . ကျေနပ်တော့၊ ငါကြောက်ပြပြီးပြီ"

"အင့်. . . ဟင့်"

သရဲငပေါ်ခမျာ သရဲသိက္ခာတွေကျရင်း မင်းသားကို ကြည့်ကာ ငိုချင်လာသည်။ သရဲကိုမကြောက်သည့်အပြင် လာပြောင်ပြနေသည်ကိုး။

"ဟကောင်. . . ကြောင်တောင်တောင်လာလုပ်မနေနဲ့၊ မင်းခြောက်လည်း ငါက ရင်မှမခုန်တာ၊ ဒီလောက် မင်းခြောက်ချင်ရင် တခြားအခန်းသွားခြောက်၊ အကောင်းလည်း ပြောပေးရသေးတယ် ပေကပ်ကပ်နဲ့၊ မင်းဘာသာမင်း သွားချင် သွား မသွားချင်နေ ငါကတော့ လိမ့်ပြီ"

ပြောပြောဆိုဆိုပင် စောင်ပါးကို ခေါင်းမြီးခြုံကာ တစ်ဖက်သို့ ကိုယ်စောင်းလှည့်ကာသွားသော မင်းသားကိုကြည့် ကာ သရဲငပေါ် စိတ်ဓာတ်ကျသွားသည်။ နံရံနှင့် ခေါင်းနှင့်ကို 'အင်းဟာ. . . အင်းဟာ'ဟု ပြေးဆောင့်ချင်စိတ် ပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"မကြောက်လည်းနေဟာ၊ အချိန်ကုန်မခံဘူး"

သရဲငပေါ စိတ်လိုလက်ရဖြင့် အာခေါင်ခြစ်တာ အော်ဖြစ်သည်။

"မင်းအမြင်မှန်ရပြီ မဟုတ်လား၊ ရရင်လစ်၊ ငါ့နားမှာ လာမခြောက်နဲ့၊ မင်းဘာသာမင်း တခြားအခန်းမှာ ထဘီဝတ်ပြီး တော့ပဲ ခြောက်ခြောက်၊ စကတ်ဝတ်ပြီးတော့ပဲခြောက်ခြောက် ခြောက်ချင်သလိုခြောက် သွား"

မင်းသားက စောင်ကို ခေါင်းမြီးခြုံထားလျက်နှင့်ပင် တက်ခနဲရယ်ရင်း ပြန်၍အော်သည်။ သရဲငပေါကတော့ လက်သီးကိုဆုပ်သည်။ ပြီး. . .

"တောက်. . . ဘယ်လိုလူမှန်းကိုမသိဘူး၊ သရဲကို သရဲလိုမဆက်ဆံဘူး၊ သရဲ သရဲမှန်းမသိ။ သဘက် သဘက်မှန်း မသိ၊ စိတ်နာတယ်၊ သရဲအစစ်ဗျ နားလည်လား၊ ဟန်ရေးပြ သရဲမဟုတ်ဘူး"

ဟု ပွစိပွစိရွတ်သည်။ မင်းသားက. . .

"ဟကောင်. . . ငါ့ခုတင်နားလာပြီး ပွစိပွစိမလုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထိုးလိုက်လို့ အရိုးတခြား၊ အသားတခြား ဖြစ်သွားမယ်၊ ဒေါက်တ်မကျိုးခင် လစ်တော့၊ ငါမြန်မာလိုပြောနေတာ သဘော ပေါက်ရဲ့လား”ဟု လှည့်ပင်မကြည့်ဘဲဆိုသည်။

“ပေါက်တယ်. . . ပေါက်တယ်”

သရဲငပေါ်လည်း စိတ်နာနာဖြင့် ‘ပေါက်တယ်’ဟု ဆောင့်ကြီး အောင့်ကြီးဆိုရင်း အခန်းထဲမှထွက်ရန်ပြင်သည်။

“ပေါက်ရင်လစ်၊ သွား. . . အာရုံလာစားမနေနဲ့၊ သွား ထွာသွား”

“သွားမယ်”

သရဲငပေါ်လည်း အားကျမခံ ဆောင့်ဆောင့်အောင့် အောင့် ပင်ဆိုရင်း ထွက်ကာသွား၏။ မင်းသားကတော့ တပည့် ကျော်ကြီး မောင်ထက်ဟုသာ ထင်၍ကျန်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



**Joy is a net of Love by which you can catch souls.**

ပျော်ရွှင်မှုဟာ မေတ္တာကွန်ယက်တစ်ခုပါ။ လူတွေရဲ့စိတ်ဓာတ်တွေကို ဖမ်းယူနိုင်တယ်။

*Mother Tresa*

* * *

www.burmeseclassic.com

www.burmeseclassic.com



"မာမီထွန်ရေ . . . မာမီထွန်"

မေခတ္တာနှင့် နှင်းနေခြည်က သရဲမျက်နှာဖုံးကို ဖွက်ကာကိုင်ရင်း မိတ်ကပ်ဆရာများ၏ အခန်းတံခါးကို သွားကာခေါက်သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"မာမီမိုး"

"လာပြီ"

မာမီထွန်က လာပြီဟုဆိုရင်း အခန်းတံခါးကို လာ၍

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်သည်။ ပြီး 'အခန်းထဲဝင်မှာလား'ဟု ဆိုသည်။ နှင်းနေခြည်တ. . .

"မဝင်တော့ပါဘူး၊ အိပ်ပြီလား'ဟု မေး၏။

"ဘယ်အိပ်သေးမှာလဲ အခုဝိုင်သောက်နေကြတာ၊ တဲပြောဟယ် ညကြီးမင်းကြီးအေ ညည်းတို့က ဘာကိစ္စလဲ"

မာမီမိုးက စိတ်မရှည်သံဖြင့် ဆိုသည်။

"မာမီတို့အခန်းရှေ့မှာ ပစ္စည်းတစ်ခုကျနေလို့"

မေခတ္တာက မျက်နှာဖုံးကို နောက်မှာဖွက်ထားရင်း ဆိုသည်။

"ဘာပစ္စည်းတုန်းအေ့"

"ဒါ. . . ကြီးလေ"

မေခတ္တာက မာမီမိုးနှင့် မာမီထွင်မိုတို့ရှေ့သို့ သာရဲ မျက်နှာဖုံးကြီးကို ဆတ်ခနဲထိုးပြသည်။

"ပလုပ်တုပ်တွေတော့"

"အမငို. . . ဘာကြီးတုန်း"

မာမီနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဖက်ရင်း လန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လန့်တာဟယ်. . . နင်တို့ ဒါကြီးကို ဘယ်ကရှာလာတာတုန်း"

"မာမီတို့ အခန်းရှေ့ကပဲ တွေ့တာလေ"

မာမီမိုး၏အမေးကို မေခတ္တာက ခပ်တည်တည်ဖြင့် ဖြေသည်။

"ဘယ်က အပေအတေ ကလေကဝတွေက ငါတို့ကို ကြောက်အောင် လာချထားတာလဲမသိဘူး"

"ဟုတ်ပအေ. . . ကြွကြွဖန်ဖန် တော်သေးတာပေါ့၊ ဝိုင်လေးသောက်ထားတုန်း ရီဝေဝေဖြစ်နေလို့၊ မဟုတ်ရင် သေးဖြန်းဖြန်းပါအောင် ကြောက်မိမှာ"

မာမီထွန်းက မကြောက်ခဲ့သယောင် ဟန်တစ်လုံး ပန်တစ်လုံးဖြင့် ဆိုသည်။ မာမီမိုးကပါ ကန့်ကလျဖြင့် 'ဟုတ်ပအေ'ဟု ဆိုသည်။

"ဒါဖြင့် ဒါ မာမီတို့ဥစ္စာ မဟုတ်ဘူးပေါ့"

"ပေါက်ပေါက်ရှာရှာ့အေ. . . အဲဒီ ရုပ်ဆိုးပန်းဆိုး မျက်နှာဖုံးတွေကို အသည်းယားလွန်းလို့ မထိတာ"

မာမီမိုးက ဖျတ်ဖျတ်လူးကာ လှုပ်ကာငြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ မင်းသမီးနှင့်အတူ သူမ၏အဖော်ဖြစ်သော သူဇာက အပေါ်ထပ်မှ ဆင်းလာကြသည်ကို မာမီထွေးနွဲ့က လှမ်းမြင်သည်။

"ပေး. . . ပေး အဲဒီမျက်နှာဖုံး၊ ငါ့ရဲ့သမီးလေးကို စဦးမယ်"

စောစောက ကြောက်လွန်းလို့ ဖျတ်ဖျတ်လူးနေသော မျက်နှာဖုံးကိုယူပြီး မာမီထွေးနွဲ့က မှင်သေသေဖြင့် ဖွက်ထားကိုင်သည်။

"နှုတ်ဆက်ပြီးတာနဲ့ ညည်းတို့ မှင်သေသေနဲ့သွားကြတော့ သိလား"

"စိတ်ဆိုးနေပါဦးမယ် မာမီရဲ့"

မာမီမိုး၏စကားကို နှင်းနေခြည်က စိုးရိမ်စွာဆိုသည်။

"အမလေး. . . ကိုယ့်မင်းသမီးနဲ့ ကိုယ့်မာမီ၊ စိတ်ဆိုးစရာလား၊ ပြောသလိုသာ မသိချင်ယောင်ဆောင်ပြီး သွားပါအေ့"

မာမီထွေးနွဲ့က မျက်လုံး ပေကပ်ပေကလပ်ဖြင့် ဆိုသည်။

"ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com



မေခတ္တာက 'ပြီးရော'ဟု ပြောင်ချော်ချော်ဖြင့်ဆိုရင်း လေးယောက်သား မှင်သေသေဖြင့် စကားပြောချင်ယောင် ဆောင်နေကြသည်။

"အဖွဲ့တွေစုံနေပါလား'ဟု ယွန်းဆက်က နှုတ်ဆက် သည်။

"ဟော. . . ညီမလေး ယွန်းဆက်၊ ဘယ်သွားမလို့လဲ" မေခတ္တာ ပြန်၍နှုတ်ဆက်သည်။

"မေမေကတော့ လူကြီးဆိုတော့ အိပ်ပြီ၊ ညီမလေး တို့က အိပ်မပျော်လို့ ခြံထဲမှာ လေညှင်းခံမလားဆိုပြီး သူဇာနဲ့ ထွက်လာကြတာ"

"ကောင်းတယ်. . . ကောင်းတယ်၊ အစ်မတို့လည်း အခုမှ ဝင်လာကြတာ နားလိုက်ဦးမယ်၊ ကဲ အားလုံးသွားပြီနော်"

နှင်းနေခြည်က ခပ်တည်တည်ဖြင့် ဖြီးလုံးထုတ်ရင်း မာမီမိုးတို့နှစ်ယောက်ကို အဓိပ္ပာယ်ပါပါဖြင့် လှမ်း၍ကြည့် သည်။

မာမီမိုးတို့ကလည်း မသိမသာဖြင့် မျက်လွှာချပြရင်း ပြန်၍ အချက်ပြသည်။ မေခတ္တာတို့နှစ်ယောက်က မချိုမချဉ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြသည်။ မင်းသမီးကတော့ လက်ပြရင်း တျန်ခဲ့သည်။

"ဘာတွေစကားကောင်းနေကြတာလဲ မာမီ"

ယွန်းဆက်က မေခတ္တာတို့ကို လက်ပြရင်းက မာမီထွဋ်တို့ဘက်ကို လှည့်ကာမေးသည်။ မာမီထွဋ်က သရဲမျက်နှာဖုံးတို့နောက်တွင်ကိုင်ထားရင်း ပြုံးသည်။

"ဒီလိုသမီးရဲ့... သမီးတို့အပေါ်ထပ်ကလေ ပစ္စည်းတစ်ခု ပြုတ်ကျလာတယ်၊ အဲဒါ ဘယ်သူ့ပစ္စည်းဖြစ်မလဲဆိုပြီး မေးကြည့်နေတာ၊ မေခတ္တာတို့က မသိဘူးတဲ့"

မာမီမိုးက မာမီထွဋ်ကို အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်ရင်း ဆိုသည်။

"ဘာပစ္စည်းမို့လဲ"

သူဇာက နားထောင်နေရာမှ ဝင်၍မေးသည်။

"ဒီပစ္စည်းလေ"

မာမီထွဋ်က ရုတ်တရက်ကြီးပင် သရဲမျက်နှာဖုံးတို ခေါင်းပြတ်ကြီးကိုင်သလို ကိုင်ထားရင်းက မင်းသမီးနှင့် သူဇာတို့ 'ဒီပစ္စည်း'ဟု ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . ဘုရား"

"အမလေးတော့"

ယွန်းဆက်က 'ဘုရား ဘုရား'ဟု အော်ကာ နောက်ဆုတ်သွားသလို သူဇာက 'အမလေး'ဟုလန့်ရင်း ယွန်းဆက်ကို တျစ်နေအောင် ဖက်ကာထားသည်။

"မျက်နှာဖုံးပါ သမီးရဲ့"

"လန့်လိုက်တာ မာမီရယ်"

"အမလေး . . . သရဲကားမရိုက်ဖူးတဲ့ မင်းသမီးလည်း မဟုတ်ဘဲနဲ့ ဒီမျက်နှာဖုံးတွေက ရင်းနှီးပြီးသားဟာကို"

မာမီမိုးက ဟက်ခနဲ ကန္ခဲ့ကလျရယ်ရင်း ဆိုသည်။

"ဒါတော့ဒါပေါ့ မာမီရဲ့၊ ဒါပေမယ့် ဒါက ကြိုသိထားတာ မဟုတ်ဘဲ ရုတ်တရက်ကြီးကိုး၊ ရှုတင်မှာက ဒါလာမယ်၊ ဒီပုံစံဆိုတာ ကြိုသိထားတာကိုးလို့၊ မာမီတို့လုပ်တာနဲ့ အပြင်တောင် လေညှင်းထွက်မခံရဲတော့ဘူး"

"အမလေး . . . အဲဒီအတွက်တော့ မပူပါနဲ့၊ ကိုဘုန်းကို မာမီတို့ ဖုန်းဆက်ပြီး ပြောလိုက်မယ်၊ ချက်ချင်း ဘော်ဒီဂတ်ရတာပေါ့ ဘယ်လိုလဲ သဘောတူလား"



www.burmeseclassic.com

www.burmeseclassic.com



မာမီထွဋ်က ရယ်ကျဲကျဲဖြင့်ဆိုသည်။

"မသိဘူး"ဟု မင်းသမီးက ရှက်အမ်းအမ်း တုန့်ပြန်သည်။

"ပေး. . . အဲဒီမျက်နှာဖုံး၊ မထူးဘူး၊ ဒါရိုက်တာကြီးနဲ့ ရှုတင်မန်နေဂျာတို့အခန်းကို ဝင်စခဲ့လိုက်ဦးမယ်"

ရှက်ကိုးရှက်ကန်းဖြင့် မင်းသမီးက မာမီထွဋ်၏ လက်ထဲမှ သရဲမျက်နှာဖုံးကို ဆွဲယူသည်။ မာမီမိုးက

"အေး. . . ကြည့်လည်းစဦးနော်၊ ဒါရိုက်တာကြီးတ သရဲကားသာရိုက်နေတာ အသည်းက ခပ်ငယ်ငယ်ရယ်၊ တော်ကြာကြောက်ပြီး သတိလစ်သွားမှ ကျော်မကောင်း ကြားမကောင်း ဖြစ်နေဦးမယ်"ဟု လှမ်းအော်သည်။

"ဂျာနယ်မှာဖွဖို့ သတင်းရတာပေါ့လို့"

မာမီမိုး၏ စကားအဆုံးမှာ မာမီထွဋ်က ဆိုသည်။

"သူဇာရေ. . . အဲဒီအခန်းရှေ့ရောက်ရင် နင် ဒါတိုစွပ်ပြီး ဟိုဘက်လှည့်နေကြားလား၊ ငါ အချက်ပြမှ ဒီဘက်တို ဆတ်ခနဲလှည့်လိုက် သိလား"

"ဟီး. . . စိတ်ချ မမယွန်း"

www.burmeseclassic.com

www.burmeseclassic.com

## ၆၂

သူဇာက တခွီးခွီးရယ်ရင်း စိတ်ချဟုဆိုသည်။

ယွန်းဆက်ကတော့ ဒါရိုက်တာကြီးတို့ အခန်းဘက်ကို ချီတက်ရင်း ပြုံးစိစိလုပ်ကာ သူဇာကို 'ရှူး'ဟု တိတ်တိတ်နေရန် အချက်ပြသည်။ သူဇာက လက်ဆွဲမီးအိမ်ကို ကိုင်ထားရင်းက ခေါင်းကိုညိတ်သည်။ သဘောကတော့ အိုကေပါတယ်ဆို သည့်သဘော။

* * *

www.burmeseclassic.com

www.burmeseclassic.com



**There is no must in art, because art is free.**

အနုပညာမှာ မှုချ ဒီလိုပဲလုပ်ရမယ်ဆိုတာ မရှိဘူး။ ဘာကြောင့်လဲဆိုတော့ အနုပညာက လွတ်လပ်စွာ ဖန်တီးရတာမျိုး ဖြစ်လို့ပါ။

***Wassil Y Kandinsky***

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၃၄

သရဲငပေါ်မှာ သရဲသိက္ခာကျရသည့် ကိစ္စကြောင့် မကြည်မလင်ဖြင့် မင်းသား၏အခန်းထဲမှ ထွက်လာရင်း ဘယ်အခန်းဝင်ရမှန်းမှသိ ဖြစ်ကာနေသည်။

ဟိုလျှောက်ရင်း ဒီလျှောက်ရင်းဖြင့် မောင်ထက်တို့လေးယောက် အရက်သောက်နေသော အခန်းဆီသို့ ရောက်ကာလာသည်။

မေခတ္တာတို့ဆီမှ ပြန်လာသော မောင်ထက်နှင့်ဝဏ္ဏ အခန်းထဲမှာ ကျန်နေခဲ့သော ကိုလတ်နှင့် ဖိုးနိုင်တို့လေး

www.burmeseclassic.com

www.burmeseclassic.com



**There is no must in art, because art is free.**

**အနုပညာမှာ မုချ ဒီလိုပဲလုပ်ရမယ်ဆိုတာ မရှိဘူး။ ဘာကြောင့်လဲဆိုတော့ အနုပညာက လွတ်လပ်စွာ ဖန်တီးရတာမျိုး ဖြစ်လို့ပါ။**

***Wassil Y Kandinsky***

* * *

www.burmeseclassic.com

[redacted]

www.burmeseclassic.com



ဝင် တိုက်ပစ်ရင်း တံခါးကို ထ၍ပိတ်သည်။

သရဲငပေါ်မှာ ကြောင်တောင်တောင်ဖြစ်ကာသွားသည်။ သူတွေးမိသည်က ထုံးစံအတိုင်း ဖယောင်းတိုင်မီးနှင့်မို့ မူးကြောင်ရှူးကြောင်လည်း ဖြစ်နေသည်မို့ မမြင်ကြသည်ပဲလား ဟု တွေးရင်း 'ဂါး. . . ဝါး. . . ဝါး. . . ဂါး"ဟု သွားကိုဖြဲကာ ခြောက်ဖြစ်သည်။

"ပျင်းလွန်းလို့ပါ ကိုကျော်လင်းရယ်၊ လာပါကွာ သောက်မယ်ဆိုရင်လည်း လာသောက်၊ မသောက်ဘူးဆိုရင် လည်း တိတ်တိတ်လေးနေ၊ ဘေးအခန်းတွေကို အနှောင့် အယှက်ဖြစ်ရင် မကောင်းဘူး"

ကိုလတ်က သရဲငပေါ်ကို လက်ညှိုးထိုးရင်း ဆိုသည်။

"မသောက်ဘူး"

သရဲငပေါ်လည်း သူခြောက်နေသည်ကို မကြောက်ဘဲ အရက်သောက်ရန် ခေါ်နေသည်မို့ စိတ်တိုတိုဖြင့် ဆိုဖြစ်သည်။

"မသောက်ရင် လာထိုင်ဗျာ၊ စကားလေးဘာလေး ပြောရအောင်"

ဝဏ္ဏက သူ့ဘေးမှာလာထိုင်ရန် ခုတင်ကို ပုတ်ပြ၍

www.burmeseclassic.com

www.burmeseclassic.com



နှခေါ်သည်။

"မထိုင်ဘူးကွာ"

သရဲငပေါ်လည်း စိတ်ညစ်ညစ်ဖြင့် ဘူးခံငြင်းသည်။

"မထိုင်ရင်လည်း ဒိုးတော့ကွာ၊ အာရုံလာမနှောက်နဲ့၊ ပြဿနာတော့ မရှာနဲ့နော် ကိုကျော်လင်း၊ လေးယောက် တစ်ယောက်မို့ ပြောတာမဟုတ်ဘူး၊ အပျင်းပြေ လူသတ်ပွဲဖြစ် သွားမယ်"

ဖိုးနိုင်က ငါးပေခန့်သာရှိသော ခန္ဓာကိုယ်နှင့် မလိုက် အောင် စကားကြီးစကားကျယ်ဆိုရင်း သရဲငပေါ်ကို လက်ညှိုး ထိုးသည်။

"ဟကောင်. . . တစ်ဖွဲ့သားချင်း အဲဒီလိုမပြောရဘူး ဖိုးနိုင်ရ၊ လာပါဗျာ ကိုကျော်လင်း တစ်ချက်လောက်သောက် ပါဦး"

"ဟုတ်တယ်ဗျာ. . . ထိုင်ဦး"

ကိုလတ်က ပြောပြောဆိုဆို သူ့ဘေးမှ ကုလားထိုင်ဆီ သို့ သရဲငပေါ်ကို ဖွတ်ခေါ်သည်။ ဝဏ္ဏက 'ဟုတ်တယ်ဗျာ'တု ထောက်ခံ ရင်း သရဲငပေါ်၏ ပခုံးမှနေ ဖွတ်ဖိ၍ ထိုင်ခိုင်းသည်။

www.burmeseclassic.com

[redacted]

www.burmeseclassic.com



ဖြစ်ချင်တော့ မောင်ထက်၏ သောက်လက်စတန်းလန်းဖြင့် ချထားသော ဆေးပေါ့လိပ်ပေါ် ထိုင်ခိုင်းသလိုဖြစ်ကာ သရဲငပေါ်မင်ကို မီးစဖြင့် အထိုးခံရသလိုဖြစ်ပြီး ပူခနဲဖြစ်ကာသွားသည်မို့ ထကာအော်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အား. . . ပူတယ်. . . ပူတယ်"

သရဲငပေါ၏အော်သံကြောင့် မောင်ထက်က ဘေးအခန်းတွေ အသံကြားကုန်မည်စိုး၍ အရက်ဝိုင်းမှာချထား သော အမြည်းလည်းမကျ ညနေစာလည်း မကျသော ပေါက်စီ တိုယူကာ သရဲငပေါ၏ပါးစပ်ထဲ ဆို့ထည့်လိုက်သည်။

ကိုလတ်နှင့် ဝဏ္ဏကလည်း နောက်နေသည်အထင်နှင့် 'ဆိုင်ပါဗျာ'ဟု ချုပ်ကာ ဇွတ်ထိုင်ခိုင်းကာ ဖိထားသည်မို့ သရဲ ငပေါခမျာ အားမတန်မာန်လျှော့ရင်း တရှုံ့ရှုံ့မြည်သည်အသံ

www.burmeseclassic.com

www.burmeseclassic.com

## ၈

ခင်မီးလောင်တာ·သွားသည်။ သို့သော် ဆေးလိပ်မီးမို့ ငြိမ်းကာသွားသော်လည်း ပူစပ်ပူလောင်ဖြစ်ကျန်ခဲ့သော သရဲငပေါမှာ ထချင်တိုင်းလည်း မထရ အော်ချင်တိုင်းလည်း မအော်ရဖြင့် ဘဝပျက်ကာနေသည်။

သရဲငပေါ၏ အဖြစ်ကိုကြည့်ကာ ဖိုးနိုင်က တခွီးခွီး ရယ်သည်။

"ကိုကျော်လင်းရေ အသွားမတော်တစ်လှမ်းဆိုတာ အဲဒါပဲဗျ၊ ခင်ဗျားက ကျုပ်တို့ဆီလာပြီး အေးအေးနေရင် ပြဿနာမရှိဘူး၊ အခုက တောင်အော်မြောက်အော် အော်နေတာကိုး၊ ကဲ ကဲ လက်တွေဖယ်ပေးလိုက်ပါ၊ သူ့ခမျာ အချုပ်သား လိုဖြစ်နေပြီ၊ ဟီးဟီး"

ဖိုးနိုင်၏စကားအဆုံးမှာ ကိုလတ်နှင့် ဝဏ္ဏက လက်ကို ဖယ်ပေးလိုက်သည်။ မောင်ထက်က ထမ်အော်လာလျှင် ထပ်ဆို့ ပစ်ရန်ပြင်ထားသော ပေါက်စီကို ပန်းကန်ထဲပြန်ထားသည်။

"ထွီ"

သရဲငပေါက ပါးစပ်ထဲရောက်နေသော ပေါက်စီကို 'ထွီ'ခနဲ ထွေးပစ်ရင်း မျက်ရည်တွေ ဝိုင်းကာလာသည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထရှုံရပ်သည်။

"တောက်. . . မင်းတို့ဆီလာမှ ငါ့ဖင်တွေ ပူစပ်ပူ လောင် ဖြစ်ကုန်ပြီ၊ ဟင် ဘယ်လိုလူတွေတုန်းဟ"

ပူသောနေရာကို လက်ဖြင့်ပွတ်ရင်း သရဲငပေါ်ခမျာ ကြေကွဲ သွားသည်။

"ဒီမှာကိုကျော်လင်း မငိုပါနဲ့ဗျာ၊ ခင်ဗျားငိုတာ မလှဘူး ဗျ၊ ခွီး"

"ဟုတ်ပဗျာ၊ ကြည့်လို့မကောင်းဘူး"

မောင်ထက်နှင့် ကိုလတ်က တခွီးခွီးရယ်ရင်း ဆိုသည်။

"ငိုတာပဲ မင်းတို့ကြည့်ကောင်းအောင် ငိုပြရဦးမှာလား၊ ဒီလောက် တဂါးဂါးနဲ့ ခြောက်နေတာကို မကြောက်ကြဘူး"

"ဟောဗျာ. . . တကယ်ငိုနေတာလား"

ဆို့ဆို့နင့်နင့်ပြောရင်း ငိုနေသော သရဲငပေါ်ကို အခု ထိ မောင်ထက်တို့လေးယောက်က ကိုကျော်လင်းဟု ထင်နေ ဆဲ၊ ဖိုးနိုင်က 'ဟောဗျာ'ဟုဆိုရင်း ရယ်သည်။

"ကဲပါကွာ. . . သူက ကြောက်စေချင်နေတဲ့ဥစ္စာ ကြောက်ပြ လိုက်စမ်းပါကွာ၊ ကဲ. . . ရယ်ဒီ. . . ဝမ်း. . ."

www.burmeseclassic.com

www.burmeseclassic.com



တူး. . . သရိုး အက်ရှင်”

ကိုလတ်က အာလေးလျှာလေးဖြင့် Timing ခေါ်သည်။ အက်ရှင်ဆိုသည်နှင့် တစ်ပြိုင်နက် လေးယောက်သား ပခုံးတွေ ကျုံ့တာ ကြောက်ချင်ယောင်ဆောင်ကြသည်။ သရုပ်ဆောင်များမို့ အမူအရာက ပိုင်သည်။

“အမလေးဗျ. . . ကြောက်လိုက်ထာ”

“ကြောက်လိုက်ထာဗျာ. . . ကယ်ကြပါဦး”

“ကြောက်လွန်းလို့ အသက်ရှူတောင်ရပ်တော့မယ်၊ အဟက်”

တစ်ယောက်တစ်ပေါက်စီ ဝိုင်းလှောင်ကြသည်မို့ သရဲငပေါ တင်းလာသည်။ တောက်ခနဲ တက်ကိုခေါက်သည်။

“ဘာလဲ ခင်ဗျားတို့က လှောင်တာလား”

“လှောင်တာမဟုတ်ဘူး၊ ပြောင်တာ”

သရဲငပေါ၏အမေးကို မောင်ထက်က ပက်ခနဲဆိုရင်း ပြန်၍ ပြောင်သည်။ အခြေအနေမကောင်းသည်မို့ သရဲငပေါ တပ်ဆုတ်ရန် ပြင်သည်။

“တော်ပြီဗျာ. . . သွားမယ်”

www.burmeseclassic.com

www.burmeseclassic.com



စိတ်နာနာဖြင့်ဆိုရင်း ချာခနဲ လှည့်ထွက်သော သရဲငပေါကို ဖိုးနိုင်တို့က နောက်မှလိုက်၍စသည်။

"နေပါဦးဗျ. . . ဂါးဆိုပြီး ခြောက်ဦးလေ၊ ကြောတ်ပြမလို့ပါဆို၊ ဗျို့. . . ကိုကျော်လင်း"

"တကယ်ငိုသွားတာလားဗျ"

အခန်းတံခါးကို သရဲငပေါ ဝုန်းခနဲနေအောင်ပိတ်ရင်း ခံပြင်းစိတ်ဖြင့် 'တောက်'ခနဲနေအောင် တက်ကိုခေါက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၀၄

ဒါရိုက်တာနှင့် ရှူတင်မန်နေဂျာတို့နေသော အခန်းရှေ့ အရောက်မှာ ယွန်းဆက်က ခြေစုံရပ်သည်။ ပြီး သူဇာ့ကို 'ရှူး'ဟု ငြိမ်ငြိမ်နေရန် လက်ပြသည်။

သူဇာက သဘောပေါက်သည်ဟု ခေါင်းညိတ်ပြသည်။ အခုထိ မီးကမလာသေးသည်မို့ သူမက လက်ဆွဲမီးအိမ်မှိန်ပြပြကို ကိုင်ထားဆဲ။

မင်းသမီးက သူမ၏လက်ထဲမှ သရဲမျက်နှာဖုံးကို သူဇာ၏ ခေါင်းမှာ ကျကျနနစွပ်ပေးရင်း ပခုံးကိုကျုံ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါရိုက်တာကြီးတို့တော့မသိဘူး. . . ငါကတော့ ဒီမျက်နှာဖုံးကို စေ့စေ့တောင်မကြည့်ရဲဘူး သူဇာရေ၊ ဟီး ဟီး"

ပြောရင်းနှင့် မင်းသမီးက တဟီးဟီးရယ်သည်။ သူဇာက ဂါးဟုခြောက်ပြရင်း တခွီးခွီးရယ်သည်။ မင်းသမီးက သူဇာ့လက်ထဲမှ မီးအိမ်ကိုယူရင်း ရယ်သည်။ နှစ်ယောက်သား အကျယ်ကြီးလည်း မရယ်ရဲကြ။ မင်းသမီးက သူဇာရေ နင်တို့ဘက်လှည့်နေ ငါအချက်ပြမှ ဘွားခနဲ ဒီဘက်ကိုလှည့်နော်'ဟု ကြိုတင်ဇာတ်တိုက်သည်။ သူဇာက 'OK' ဟု လက်မထောင်ပြသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ဆရာ"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ဆရာ. . . သမီးပါ"

ယွန်းဆက်က ဒါရိုက်တာကြီးတို့၏အခန်းကို ခေါက်ရင်း 'သမီးပါ'ဟု ဆိုသည်။ 'လာပြီယွန်းဆက်ရေ၊ ခဏလေး'ဟု ဒါရိုက်တာကြီးက ပြန်၍အသံပြုသည်။ ပြီး မကြာခင်မှာ တံခါးဖွင့်၍ ဒါရိုက်တာကြီးနှင့် ရှူတင်မန်နေဂျာတို့နှစ်ယောက် ထွ

www.burmeseclassic.com



လာကြသည်။

"ဘာဖြစ်လို့လဲ ယွန်းဆက်၊ ဘာပြဿနာရှိလို့လဲ"

ရှုတင်မှန်နေဂျာက မျက်နှာလိုမျက်နှာရဖြင့် မေးသည်။

"ဘာပြဿနာမှမရှိပါဘူး၊ ဒီမှာ ကောင်မလေး တစ်ယောက်က ဒါရိုက်တာကြီးကို မိတ်ဆက်ချင်လို့ဆိုပြီးတော့ ညကြီးမင်းကြီး ရောက်လာလို့"

ယွန်းဆက်က ခပ်တည်တည်ဖြင့် ဖြေသည်။

"ဩော်. . . ဟုတ်လား၊ မနက်မှလာလည်းရရဲ့သားနဲ့၊ ညကြီးမင်းကြီးဆိုတော့ အားနာစရာကြီး၊ အဖော်ကောပါရဲ့လား မသိဘူး"

ဒါရိုက်တာကြီးက ကျောပေးထားသော သူဇာ့ကို တကယ့်ပရိသတ်တစ်ယောက်ဟုထင်ကာ လောကွတ်စကားဆိုသည်။

"အနုပညာကို တော်တော်ဝါသနာပါလို့ဖြစ်မယ်၊ ညကြီးမင်းကြီး ဒါနဲ့ မိတ်ဆက်မယ်ဆိုရင်လည်း ဒါရိုက်တာကြီးကို ကျောပေးမနေနဲ့လေ၊ မျက်နှာချင်းဆိုင်ပြီးတော့ စကားပြောပေါ့ ညီမလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတင်မန်နေဂျာက နှာဘူးသံကြီးနှင့် မစားရဝခမန်းဝင်၍ ဆိုသည်။

“ရှက်နေလို့ထင်ပါတယ်၊ ညီမလေး ဒီဘက်ကိုလှည့်”

ယွန်းဆက်က သူဇာ့ကို လက်ဖြင့်တို့ရင်း အချက်ပြသည်။ ဒါရိုက်တာကြီးနှင့် ရွှေတင်မန်နေဂျာက စိတ်ဝင်တစားဖြင့် လှမ်းအကြည့် မင်းသမီးက မီးအိမ်ကိုမြှောက်ပြသည်။

“ဝါး. . . ဝါး. . . ဝါး”

သူဇာက လက်နှစ်ဖက်ကိုကာရင်း ရုတ်တရက် ထ၍ ခြောက်သည်။

“ဟဟ. . . ဘာကြီးလဲဟ”

“ဟမ်မလေး. . . ဘာကြီးတုန်း”

အငိုက်မိသွားသည်မို့ ဒါရိုက်တာကြီးတို့နှစ်ယောက်စလုံး နောက်ကိုလန့်၍ဆုတ်ကာသွားသလို နှုတ်ကလည်း အလန့်တကြား အော်သည်။

မင်းသမီးက တခွီးခွီးရယ်ရင်း သူဇာ့ခေါင်းမှာစွပ်ထားသည့် မျက်နှာဖုံးကို ချွတ်ပေးသည်။ သူဇာက ရယ်ချင်ပက်ဆိုဖြင့် ဒါရိုက်တာကြီးတို့ကို ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com

၈

"လန့်လိုက်တာဟာ. . . နင်တို့ကလည်း ပေါက်ပေါက်ရှာရှာ လာစနေတယ်၊ ငါက အဟုတ်မှတ်လို့ ငါ့ကိုလည်း မိတ်ဆက်ချင်တဲ့လူရှိသားဟလို့ တွေးပြီး ပီတိတောင် အချိန်ကြာကြာ မဖြစ်လိုက်ရဘူး"

ဒါရိုက်တာကြီးက မကျေမချမ်းဖြင့် ဆိုသည်။

"သူ့ဇာကလည်း ရိုးရိုးဒီအတိုင်းလှည့်လာရင်တောင် လန့်စရာကြီးဥစ္စာ လက်ကြီးကားပြီး 'ဂါးဝါး'လို့ ရုတ်တရက် ထခြောက်တော့ ကြောက်တာပေါ့ဟ၊ မင်းသမီးကလည်း မီးအိမ်ကို မြှောက်ပြပြီး အရောက်ပို့တယ်"

ရှုတင်မန်နေဂျာက စိတ်ဆိုးရလည်းခက်၊ စိတ်မဆိုးရလည်းခက်ဖြင့် မကျေနပ်စွာပင်ဆိုသည်။

"ဆရာတို့ကလည်း အသည်းငယ်လိုက်တာနော်၊ သရဲကား ရိုက်နေကျ မဟုတ်တဲ့အတိုင်းပဲ၊ ရေလေးဘာလေး သောက်လိုက်ပါ ဦး၊ နှစ်ယောက်စလုံး မျက်နှာတွေကိုဖြူလို့၊ သွေးမရှိတော့ဘူး"

ပြောရင်း မင်းသမီးက ခွိုးခနဲရယ်သည်။

"အေး. . . အဲဒီလိုကြောက်စေချင်တာ မဟုတ်လား၊ ကြိုကြို ဖန်ဖန်တွေ လျှောက်လုပ်နေတယ်၊ မအိပ်သေးဘူးလား



www.burmeseclassic.com

www.burmeseclassic.com



၉ နာရီ ကျော်နေပြီ"

ဒါရိုက်တာကြီးက ၎င်း၏လက်မှနာရီကို အရှက်ပြေ ကြည့်ရင်း ဆိုသည်။ ရှုတင်မန်နေဂျာက 'အေးလေ'ဟု ထောက်ခံ စကား ဆိုသည်။

"အေးဆေးပေါ့. . . အိပ်မပျော်သေးလို့ အိမ်ရှေ့မှာ လမ်းလျှောက်ရင်း လေညှင်းခံမလို့ လိုက်ခဲ့ကြပါလား"

သူဇာက ပြောင်စိစိဖြင့်ဆိုသည်။

"မလိုက်ဘူး. . . နင်တို့ပဲသွားကြ၊ လေညှင်းပဲခံခံ သရဲ ခြောက်တာပဲခံခံ ငါတို့က ရှေ့ညကတည်းက အိပ်ရေးပျက်ထား လို့ အိပ်တော့မယ်"

ရှုတင်မန်နေဂျာက သူဇာ့ကို ခပ်ဆောင့်ဆောင့်ဆို သည်။ ဒါရိုက်တာကြီးက 'ဟုတ်တယ် ဟုတ်တယ်'ဆိုသော သဘောဖြင့် ရှုတင်မန်နေဂျာ ပြောသမျှကို ခေါင်းလိုက်ညိတ် သည်၊ ပြီး မင်းသမီးလက်ထဲမှ သရဲမျက်နှာဖုံးကိုကြည့်ရင်း မျက်မှောင်ကျုံ့သည်။

"မနေ့က မျက်နှာဖုံးတွေ အကုန်ပြန်သိမ်းထားတာ၊ ဒါက ဘယ်လိုကဘယ်လို အပြင်ရောက်နေတာတုန်း"

"မသိဘူး. . . ယွန်းဆက်တို့လည်း မာမီမိုးတို့ဆီက

www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တာ"

ယွန်းဆက်က အကျိုးအကြောင်း ရှင်းပြသည်။

"အေး. . . သိမ်းထားလိုက်တော့၊ တခြားအခန်းတွေကို လိုက်မခြောက်ကြနဲ့တော့၊ မကြီးမငယ်နဲ့၊ သူဇာ နှင်ကလည်း မင်းသမီးဈို့ နဲ့စာစောအိပ်ခိုင်း၊ မနက်ဖြန် စောစောထအောင်"

"စိတ်ချပါ. . . ရှုတင်စတည်ပြီဆိုတာနဲ့ အရင်ဆုံး ရောက်အောင်လာမယ်၊ သွားပြီနော် ဆရာ"

"အေး. . . အေး"

သူဇာ့ကို ပြောသောစကားကို မင်းသမီးက ဝင်၍ဆို သည်။ ဒါရိုက်တာကြီးက 'အေး. . . အေး'ဟုဆိုရင်း အခန်းထဲ ပြန်ဝင်သွားသည်။ ရှုတင်မန်နေဂျာကပါ အီလည်လည်မျက်နှာ ပေးဖြင့် လိုက်ဝင်ကာသွားသည်။

ယွန်းဆက်နှင့် သူဇာကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အသံမထွက်အောင် ရယ်ဖြစ်ကြသည်။ ယွန်းဆက်က လက်ထဲမှ သရဲမျက်နှာဖုံးကို လှေကားအဆင်း အတက်လုပ်သည့် တံခါးဘေးမှာ ချိတ်ထားခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



**Our day will come, as surely as the sun will rise tomorrow.**

မနက်ဖြန်မနက်မှာ နေထွက်လာမှာ သေချာသလို ကျွန်ုပ်တို့ အောင်ပွဲခံမယ့်နေ့ဟာလည်း ရောက်လာမှာမလွဲဘူး။

***Churchill***

* * *

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ခြောက်သော်လည်း အောင်မြင်မှုမရှိသည်မို့ သရဲငပေါတစ်ကောင် စိတ်တွေညစ်ကာနေသည်။

"မဖြစ်ဘူး. . . မဖြစ်ဘူး ယောကျ်ားတွေနေတဲ့ အခန်းသွားခြောက်လို့ကတော့ တဂါးဂါးနဲ့ အော်လိုက်ရတာပဲရှိတယ်၊ ဘယ်သူမှလည်း မကြောက်ကြဘူး၊ ခြောက်ရတဲ့လူတောင် အဲလေ သရဲတောင် စိတ်ဓာတ်ကျလာတယ်၊ မှန်းစမ်း. . . အံမယ် ဒီအခန်းကတော့ မိန်းကလေးတွေချည်း နေတာဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ကြောက်ကြမယ် ထင်တယ်၊ ကဲ ကြာပါတယ် ဝင်ပြီး ဂါးလိုက်ဦးမယ်"

သရဲငပေါ ယခုဝင်ခြောက်မည့်အခန်းက မေခတ္တာတို့ နေမည့်အခန်းဖြစ်သည်။ ဖြူဖြူတို့ မေခတ္တာတို့အုပ်စုမှာ ဝိုင်များ သောက်ပြီး မူးနေကြသည်။ ဝိုင်အပျော့စားနှင့် အပြင်းစား များဝယ်လာကာ ရီဝေဝေဖြစ်နေကြသည်။

"ငါပြောတယ် မူးယစ်စေတတ်တာဆို ဘာမှမသောက် ဘူးလို့၊ နင်တို့ပြောတော့ ဝိုင်အပျော့စားပါဆို၊ မူးချင်တာ တောင် မူးမှာမဟုတ်ဘူးဆို၊ အခု ဒီမှာ ရီဝေရီဝေဖြစ်နေပြီ၊ နင်တို့ဝိုင်က အပြင်းစားကြီး၊ နောက်ဆိုမသောက်ဘူး"

ဖြူဖြူက မျက်လုံးကို ပေကလပ်ပေကလပ်လုပ်ရင်း ဆိုသည်။

"အေးဟဲ့. . . . ငါ့ဆိုင်မှာပြော့ဝယ်တုန်းက အစာကြေ စေယ့်ဝိုင်မျိုးနော်၊ မိန်းကလေးတွေသောက်မှာ၊ မမူးတဲ့ဟာမျိုးပေး လို့ သေသေချာချာ ပြောထားရဲ့သားနဲ့ တမင်ရွဲ့ပြီး ရောင်းပေး လိုက်တာဖြစ်မယ်၊ အရမ်းကြီး မမူးပေမယ့်လည်း ရီဝေဝေကြီးပဲ နော်၊ နောက်ဆို ဒီတံဆိပ်မဝယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မေခတ္တာကလည်း ဖြူဖြူ့စကားကို ထောက်ခံသည်။

"သူက သောက်စတုန်းက မူးမှမမူးတာ၊ သောက်တာ များတော့မှ အရှိန်ကတက်လာတာ၊ မမူးဘူးဟဲ့၊ မမူးဘူးဟဲ့နဲ့ မဟားတရားတွေသောက်ပြီး အခုမှ ရေချိန်ကတက်လာတာ ဟီး ဟီး"

နှင်းနေခြည်က ခွီးခနဲ ရယ်ရင်း ဆိုသည်။ တကယ်တမ်း ကျ သူမတို့သောက်ချင်သည်က မမူးယစ်တတ်သော ဝိုင်အပျော့ စားဖြစ်သည်။ အခုတော့ ဝိုင်ခပ်ပြင်းပြင်းကို မှားသောက်မိပြီမို့ သုံးယောက်သား ရီဝေဝေတွေဖြစ်နေကြခြင်း ဖြစ်သည်။ သရဲ ငပေါကတော့ သရဲခြောက်ခြင်းလုပ်ငန်းကို အကောင်အထည် ဖော်ရန် တံခါးကို 'ဝုန်း'ခနဲ ဖွင့်ကာဝင်ဖြစ်သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

တံခါးကိုဖွင့်ကာဝင်လာရင်း သရဲငပေါက ၎င်း၏ထုံးစံအတိုင်း 'ဂါး'ဟု အာခေါင်ခြစ်ကာအော်ရင်း လက်တွေကို ကိုးယိုးကားယားလုပ်ပြသည်။

"ဟဲ့. . . မောင်ထက် ငါတို့ရှေ့မှာ သကြိန်ယိမ်းလာတာ နေတာလား"

သရဲငပေါကို မောင်ထက်အထင်ဖြင့် မေခတ္တာထ ထငေါက်သည်။ သရဲငပေါမှာ မှန်းချက်နှင့်နှမ်းထွက် ရှိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ကြောင်သွားသည်။

"တနေတာမဟုတ်ဘူးဟေ့ ခြောက်နေတာ၊ ခြောက်နေတာ တဲ"

စိတ်မရှည်တော့သည်မို့ ငိုချင်ပက်ကျိဖြင့် သူ ခပ်ငေါ့ငေါ့ ဆိုဖြစ်သည်။ ပြီး 'ဂါး. . . ဂါး'ဟု ထပ်ပြီးခြောက်ဖြစ်သည်။

"ဘာမှလာဂါးမနေနဲ့ ပျင်းလွန်းလို့၊ သွား ဝေးဝေးမှာ သွားဂါး၊ ဒီမှာ စိတ်တိုလာရင် ဂုတ်ချိုးပြီး ကိုင်ပေါက်ပစ်မယ် ဘာမှတ်လဲ မောင်ထက်"

နှင်းနေခြည်က အာလေးလျှာလေးဖြင့် စကားလုံးအကြီးကြီးတွေ ဆိုသည်။

"ဟ. . . တော်ကီတွေက ဘာလဲ၊ မိန်းကလေးလုပ်နေပြီးတော့ ဘာဖြစ်တယ်၊ ဂုတ်ချိုးဦးမယ်တယ်လေ. . . ငါ"

သရဲငပေါက ဒေါကန်ကန်ဖြင့် 'တယ်လေ'ဟု ဆိုသည်။

"ဒီမျက်ခွက်ကြီးကို စောစောကပဲ မာမီမိုးတို့ဆီ ပို့ထားတာ မဟုတ်လား၊ ဘာကိစ္စ ဒီကိုရောက်လာပြန်တာတုန်း။ ငါကောက်ထု မိတော့မယ်"

ဖြူဖြူက မျက်လုံးကို မရမက ပြူးရင်းမှုးနေသောလေသံ

www.burmeseclassic.com

www.burmeseclassic.com



ကို ထိန်း၍ဆိုသည်။ သရဲငပေါက တော့ တစ်ခန်းမှအောင် အောင်မြင်မြင် မခြောက်နိုင်သေးသည်မို့ စိတ်ဓာတ်ကျချင်ချင် ဖြစ်ကာ ဒေါကန်လာ သည်။

"ဘယ်လိုလူတွေလဲဟ. . . ဒီလောက်ပြုးပြဲ ဖြဲပြနေတာ တောင် အားနာပါးနာလေ၊ မကြောက်ပြကြဘူး၊ ခြောက်ရတဲ့လူ အားရှိအောင် အဲလေ ခြောက်ရတဲ့သရဲ အားရှိအောင်"

သရဲငပေါက စိတ်တိုတိုဖြင့် ဆိုသည်။ မေခတ္တာ က. . .

"ဟော့တော်. . . ကြောက်စေချင်ရင် ကြောက်စရာ ကောင်းအောင် ခြောက်မှပေါ့၊ ခုဟာက ကြောက်စရာမှ မကောင်းတာ'ဟု ဆိုသည်။

"အင့်. . . ဟင့်"

သရဲငပေါမှာ 'အင့်'ခနဲနင်ကာ 'ဟင့်'ခနဲ ငိုချင်စိတ် ပေါက်ကာသွား၏။ ဒီနေ့အဖို့ သူ၏ခြောက်လှန့်မှုသည် တစ်ခု မှမအောင်မြင်သေး။

"ဒီလောက်ကြီး ခြောက်နေတာကို မကြောက်ဘူး ဆုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

## ၉၈ မြင်ကိုမျှော်

"ဟုတ်တယ်၊ မကြောက်ဘူး"

သရဲငပေါ်၏အမေးကို ဖြူဖြူက ပက်ခနဲ ပြန်၍ဖြေသည်။

"လုပ်စမ်းပါဦးဟယ်. . . နင် တတ်သလောက် မှတ်သလောက် ခြောက်ကြည့်စမ်းပါဦး၊ ငါတို့ကလည်း အားနာပါးနာလေး ကြောက်ကြည့်ရအောင်၊ ရိုးဟာဇယ်လေး ခြောက်ကြည့်စမ်းပါ"

နှင်းနေခြည်က ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"ဩ. . . စိန်ခေါ်တယ်ပေါ့၊ ကဲ ခြောက်တယ်ကွာ၊ ဂါး. . . ဂါး. . . ဝါး. . . ဂါး"

သရဲငပေါ်က ပြောပြောဆိုဆိုပင် တဂါးဂါးဖြင့် အာခေါင်ခြစ်ကာအော်ရင်း မျက်လုံးတွေပြူးပြ၊ ပါးစပ်တွေဖြဲပြ လျှာတွေ အရှည်ကြီးထုတ်ပြဖြင့် ပညာစုံခင်းကာ ခြောက်သည်။

သို့သော် မှန်းချက်နှင့် နှမ်းထွက် လုံးလုံးမှမကိုက်။

"ပျင်းစရာကောင်းလိုက်တာဟယ်၊ ဒီမှာ မောင်ထတ် နင်ကလေ သရဲဆိုရင်တောင်မှ တော်တော်အဆင့်မရှိတဲ့သရဲ ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မေခတ္တာက အာလေးလျှာလေးဖြင့် ဆိုလာသည့်စကား ကို သရဲငပေါက 'ဘာ'ဟုဆိုရင်း ငိုချင်စိတ်တွေ ပေါက်ကာသွား သည်။

"ဟုတ်တယ်လေ. . . နင်က သရဲဆိုရင် ဖော်ထိုးတွဲ လောင်းကြီးလုပ်ပြီး မျက်နှာကျက်မှာ လမ်းလျှောက်ပြတာတို့၊ ဘာတို့ဟယ် ငါတို့ဇာတ်ကားထဲမှာ ရိုက်နေကြလိုမျိုး လုပ်ပြနိုင် ရမှာပေါ့၊ အခုက ဂါး. . . ဂါးနဲ့ အဲဒီ ဂါး ဂါးကနေကို မတတ် တော့ဘူး"

မေခတ္တာက လက်ကိုခါပြရင်း ဆိုသည်။

"ဟုတ်ပ. . . နင်က ဂါး ဂါးနဲ့အော်ရင် ငါတို့က ဝါး. . . ဝါးနဲ့ သန်းပြီး အိပ်ချင်လာတယ်၊ ဝါး"

ဖြူဖြူက ဝါးခနဲပြောရင်းဆိုရင်း သန်းသည်။

"ကဲ. . . ကဲ မောင်ထက် ဒီအချိန်ကြီး မိန်းကလေးတွေ အခန်းထဲ နင်ရောက်နေတာသိရင် ငါတို့ကတော့ သုံးယောက် ဆိုတော့ ပြဿနာမရှိဘူး၊ နင်ကတော့ ထဘီပဲဝင်ခိုးသလားလို့ အထင်ခံရလိမ့်မယ်၊ လစ်တော့"

www.burmeseclassic.com

www.burmeseclassic.com



နှင်းနေခြည်က လက်ဖြင့်ခါပြရင်း သွား သွားဟု အဓိပ္ပာယ်ဖြင့် 'လစ်တော့'ဟု ဆိုသည်။

"နေပါဦး. . . နင်တို့က ငါ့ကို တကယ်ကြီး မကြောက်ကြတာလား"

သရဲငပေါက ယူကျုံးမရသံဖြင့် ဆိုသည်။

"ဟော့တော် မကြောက်တဲ့ကိစ္စကို ကြောက်ပါတယ်လို့ ပြောပေးရဦးမှာလား၊ စိတ်ကမရှည်တော့ဘူး၊ ကဲ ကြောက်တယ် ဟော့ ကြောက်တယ် ရပြီလား"

မေခတ္တာက ခပ်ရွဲ့ရွဲ့ဆိုသည်။

"နင်တို့တစ်ယောက်မှ မမိုက်ဘူး၊ ငါစိတ်နာတယ်"

သရဲငပေါက ငိုသံပါကြီးဖြင့် ဆိုသည်။ ခံစားချက်တွေက ပေါက်ကွဲလာပြီကိုး။ သူ့ခမျာ ခြောက်ရလွန်းလို့ မောတောင်နေပြီ ဖြစ်သည်။ အခုထိ သူ့ကို ဘယ်သူမှ ဖြစ်ဖြစ်မြောက်မြောက် မကြောက်ကြသေး။

"ဟော့တော်. . ., အမလေး သူကပဲစိတ်နာရတယ် ရှိသေး၊ နာလည်းမတတ်နိုင်ဘူး၊ ရုပ်ကိုက စာခြောက်ရုပ်ကို မြင်းချီးပန်းထားတဲ့ရုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက ခပ်ထွေထွေဖြင့် ဆိုသည်။

"ဟုတ်ပ. . . ရှပ်ကိုက ခွေးချီးတက်နင်းမိထားတဲ့ ဖိနပ်နဲ့ ပါးကို သက်စေ့ရိုက်ပစ်ချင်စရာကြီး၊ ဟီး ဟီး ဟီး"

နှင်းနေခြည်က ပြောရင်း ရယ်သည်။

"မပြောကြပါနဲ့ဟယ် ငါကတော့ ဒီဝိုင်ပုလင်းနဲ့ပဲရိုက်ကြည့်ချင်တာ ဟောဂလိုမျိုး"

"ခွပ်"

"အား"

ပြောပြောဆိုဆို ခွပ်ခနဲ ရိုက်ချလိုက်သော မေခတ္တာ၏ ရိုက်ချက်ကြောင့် သရဲငပေါ်ခမျာ 'အား'ခနဲ အော်ရရှာသည်။

"ဘာကိစ္စ ဘလိုင်းကြီး လာရိုက်ရတာတုန်း"

သရဲငပေါ် စိတ်တိုတိုဖြင့် ဆိုဖြစ်သည်။

"အောင်မယ်မယ် ညကြီးမင်းကြီး မိန်းကလေးတွေနေတဲ့ အခန်းကိုလည်း လာပြီး နှာဗူးကြောထသေးတယ်၊ သူတပဲ အော်ရတယ်ရှိသေး၊ မေခတ္တာရယ် အဲဒီပုလင်းခွံ ငါ့ကိုပေးစမ်းပါ။ ငါရိုက်ပြမယ်၊ ဟောဒီလိုရိုက်ရတယ်၊ ကဲဟာ"

"ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



"အား"

"ကဲဟာ"

"ခွပ်"

"အမလေးဗျ"

ရှူးကြောင်မှူးကြောင်ဖြင့် တခွပ်ခွပ်ဆော်နေသော ဖြူဖြူ၏ ရိုက်ချက်ကြောင့် သရဲငပေါ ထပြေးရတော့သည်။

"ဟဲ့. . . ဟဲ့ နေဦးလေ ငါမရိုက်ရသေးဘူး၊ ဒီတစ်ခါ ငါ့အလှည့်လေ"

အရေးထဲ နှင်းနေခြည်က အံကြီးကြိတ်ပြီး လိုက်အော်နေသည်မို့ သရဲငပေါခမျာ ခေါင်းတွေကြိမ်းကာသွားရင်း ခြေသုတ်တင်ရတော့၏။

"နင်တို့မမိုက်ဘူးဟာ၊ ငါ့ကျ ပေးမရိုက်ဘူး"

နှင်းနေခြည်ကတော့ အံကြီးကြိတ်ကာဆိုရင်း သရဲငပေါ ပြေးရာဘက်ကြည့်ကာ 'လာခဲ့ဦးနော်၊ ငါမရိုက်ရသေးလို့' ဟု လှမ်းအော်သည်။

သေချာသည်ကတော့ သရဲငပေါတစ်ကောင်ကား သူတို့အခန်းကို လာတော့မည်မထင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာနာနှင့် ထွက်လာခဲ့ရင်း သရဲငပေါ်မှာ အခန်းတစ်ခန်းရှေ့၌ မောမောနှင့် ရပ်နေဖြစ်သည်။ ပြီး အခန်းထဲမှ တီးတိုးတီးတိုးအသံများကို အာရုံစိုက်ကာ နားထောင်ဖြစ်သည်။ ဖုန်းပြောနေသည်က speaker ဖွင့်ထားသည်မို့ ကြားနေရသည်။

"ဟဲလို. . . မင်းသား အိပ်ပြီလား"

"မအိပ်သေးပါဘူး၊ ဘာကိစ္စလဲမာမိမို့"

"အဲဒါဆိုအတော်ပဲ. . . အိမ်ရှေ့မှာလေ ယွန်းခွက်နဲ့

www.burmeseclassic.com



သူဇာ နဲ့ လေညှင်းခံရင်း လမ်းလျှောက်နေကြတယ်၊ သွားပြီး အဖော်လုပ်ပေးလိုက်ပါဦး"

"အာ. . . လုပ်ပေးရမှာပေါ့၊ ကျေးဇူး မာမီမိုး"

"ရပါတယ်၊ မြန်မြန်သွားနော်"

"ဟုတ်ကဲ့ပါ"

မာမီမိုးနှင့်မင်းသား ဖုန်းဆက်နေသည်ကို သရဲငပေါ နံရံ ကပ်ကာ နားထောင်ရင်း အကုန်ကြားနေရသည်။

"နေဦး. . . ငါ့မင်းသမီးကိုလည်း လှမ်းပြီးသတင်းပို့လိုက်ဦးမယ်"

မာမီထွန်း၏အသံကိုလည်း သရဲငပေါက ကြားနေရသည်။

"သမီးရေ"

"ဟုတ်. . . မာမီထွန်း ပြော"

"စိတ်တော့မဆိုးနဲ့နော်. . . သမီးတို့ လမ်းလျှောက်လာ လေညှင်းခံတာ အဖော်ရအောင်လို့ မင်းသားကိုလွှတ်လိုက်ပြီ၊ ရောက်လာလိမ့်မယ် သိလား"

"အာ. . . မာမီကလည်း"

www.burmeseclassic.com

www.burmeseclassic.com



speaker ဖွင့်ပြောနေသည်မို့ အခန်းပြင်မှ သရဲငပေါ ကြည်ကြည်လင်လင် ကြားနေရသည်။ ဖုန်းကို အကြာကြီးပြော ပြီး ချသည်အထိ သူနားထောင်သည်။

"အင်း. . . ဒီနှစ်ယောက်ကြည့်ရတာ ခပ်နွဲ့နွဲ့ဆိုတော့ သရဲကြောက်ဖို့က လုံးဝသေချာတယ်၊ ဒီတော့ ဒီနှစ်ယောက်ကို ပဲ မလန့်လန့်အောင်ခြောက်ပစ်ရမယ်၊ တစ်ခန်းမှ အဆင်ပြေ ပြေ မခြောက်ခဲ့ရဘူး၊ ဒီအခန်းတော့ မရရအောင်ကို ခြောက်ပစ် ဦးမယ်၊ တွေ့ကြပြီပေါ့ကွာ"

သရဲငပေါက လက်သီးကို ဆုပ်ရင်း ကြိမ်းဝါးဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



**Kind words can be short and easy to speak, but their echoes are truly endless.**

ကြင်နာတဲ့စကားလုံးတွေဟာ ပြောရလွယ်ကူသလို တိုတောင်းနိုင်ပါတယ်။ ဒါပေမယ့် စကားလုံးတွေရဲ့ ပဲ့တင်သံကတော့ အဆုံးမသတ် (အတောမသတ်)ပါဘူး။

***Mother Teresa***

* * *



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းဆက်"

"အမလေး. . . လန့်လိုက်တာ"

မင်းသားက ခြေသံမကြားအောင် ကပ်လိုက်လာပြီး ရုတ်တရက် ခေါ်လိုက်သောကြောင့် ခပ်မှိန်မှိန် အလင်းရောင်အောက်မှ မင်းသမီးနှင့် သူဇာတို့နှစ်ယောက် လန့်သွားကြသည်။ ယွန်းဆက်၏လက်ထဲမှာ. . .

"ဟာ. . . ဒီ. . . သရဲမျက်နှာဖုံးက ဘယ်လိုလုပ်ပြီး ယွန်းဆက်ဆီ ရောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက အုံ့အားတသင့်ဖြင့် အလင်းရောင်မှိန်မှိန်ကြားမှ နေကြည့်ရင်း အမေးရှိသည်။

"ဪ. . . ဒါလား ဒီလို ကိုဘုန်းရဲ့"

မင်းသမီးက အိမ်ပေါ်မှ ဆင်းလာချိန်ကစလို့ နောက်ဆုံး ဒါရိုက်တာကြီးတို့နှစ်ယောက်ကို စခဲ့နောက်ခဲ့သမျှကို ပြန်ပြောပြရင်း ရယ်သည်။

"နှစ်ယောက်သား မျက်နှာမှာသွေးမရှိတော့တဲ့အထိ လန့်သွားကြတယ်ပေါ့၊ မနက်လင်းမှ စဦးမယ်"

မင်းသားက အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"မမယွန်း. . . သူဇာ အနွေးထည်လေး သွားယူလိုက်ဦးမယ်နော်"

သူဇာက အလိုက်တသိဖြင့် ရှောင်ကာသွား၏။

"ကြာကြာလေးယူနော် သူဇာ"

"ရှင်"

မင်းသား ပြောင်ချော်ချော်စကားကို နားမလည်သည်မို့ သူဇာက 'ရှင်'ဟု ဆိုသည်။ ယွန်းဆက်က မှိန်ပြပြအလင်းရောင်ကြားကနေ မင်းသားကို မျက်စောင်းထိုးသည်။ ပြီး သူမ



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ မီးအိမ်ကို ကျစ်နေအောင်ဆုပ်သည်။

"ဩြော် . . အနွေးထည်ကို သေသေချာချာယူလို့ ပြောတာပါ၊ အဟဲ"

ပြုံးစိစိဖြင့် မင်းသားက စကားကို ပြင်၍ဆိုသည်။ သူဇာကလည်း ရယ်ကျဲကျဲဖြင့် ဟုတ်ကဲ့ဟုဆိုသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သရဲငပေါသည် မာမိမိုးတို့၏အခန်းကို ဝင်ခြောက်ရန် ဆုံးဖြတ်လိုက်ပြီး အခန်းထဲကို တံခါးဖွင့်ပြီး ဆတ်ခနဲဝင်ဖြစ် သည်။

ပြီး ၎င်းအား ကြောင်တောင်တောင်ဖြင့် ကြည့်နေသည့် မာမိတို့နှစ်ယောက်ကို 'ဂါး'ဟု သူခြောက်နေကြပုံစံအတိုင်း ခြောက်ပစ်လိုက်သည်။ သို့သော် သူထင်ထားသလိုမျိုး လန့်မ သွားကြ။

"ဟယ် . . . ဂါးတဲ့လား၊ သရဲခြောက်သလိုမျိုး လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံစံက အူယားလိုက်ထာ၊ ချစ်စရာလေးတော့"

မာမီထွန်းက ပခုံးကိုကျုံ့ရင်း ချွဲနွဲ့စွာဆိုသည်။ သရဲငပေါစိတ်မှာ တစ်ခုခုတော့ မှားနေပြီဟု သူတွေးသည်။ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ဒီတစ်ခေါက် ရောက်လာတဲ့လူတွေ သူ့ကိုမကြောက်ကြပါလိမ့်ဟု ကြေကြေကွဲကွဲပင် တွေးမိသည်။

"ဒါ ဘယ်သူ့လေးပါလိမ့်၊ လာပါ ရောက်မှတော့ ထိုင်ပါဦး"

မာမီမိုးက သရဲငပေါလက်ကို ခပ်ရဲရဲပင်ကိုင်ရင်း ဆိုသည်။ မာမီထွန်းက ပွင့်နေသော အခန်းတံခါးပေါက်ကို ပြေး၍ပိတ်သည်။

သရဲငပေါမှာ ထိုင်ပါဦးဆို၍ ကြောင်တောင်တောင်ဖြင့် ထိုင်ရန်ပြင်ပြီးကာမှ 'ဘာကိစ္စထိုင်ရမှာလဲ'ဟု ပြန်၍ဆိုသည်။ မာမီ ထွန်းက. . .

"ဒါဖြင့် ဘာကိစ္စနဲ့ သူများတို့အခန်းထဲကို ဝင်လာတာ လဲလို့"

"ခြောက်မလို့ဝင်လာတာ၊ ခြောက်မလို့"

သရဲငပေါ စိတ်ညစ်ညစ်ဖြင့် ခပ်ဆောင့်ဆောင့်ပြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဩော်. . . အဲဂလိုလား၊ နားနားနေနေခြောက်လို့ရပါတယ်၊ ဒါပေမယ့် အားနာစရာကောင်းတာက သူများတို့က ဝိုင်တွေသောက်ထားလို့ မူးနေတာလေ၊ ဒီအချိန်မှာ သရဲအစစ်လာခြောက်တောင် တို့ကမကြောက်ဘူး"

မာမီမိုးက မျက်လုံးကိုစင်းရင်း အာလေးလျှာလေးဖြင့် ဆိုသည်။

"ရော်. . . ကျုပ်ကို သရဲအတုထင်လို့လား"

သရဲငပေါ်ခများ အောင့်သက်သက်ဖြင့် ဆိုသည်။

"သရဲအတုထင်တာမဟုတ်ဘူး. . . သိနေတာ၊ သိနေတာ"

မာမီထွန်းက သရဲငပေါ်၏ခေါင်းကို လက်ညှိုးဖြင့် ခပ်နှဲ့နှဲ့ထိုးရင်း 'သိနေတာ'ဟုဆိုကာ ဟက်ခနဲရယ်သည်။ သရဲငပေါ်မှာတော့ ဆတ်ဆတ်ခါအောင် နာသွား၏။

"အသံကတော့ ကိုလတ်နဲ့ တူသလိုလို၊ ကိုဖိုးနိုင်နဲ့တူသလိုလိုပဲ၊ ပြောစမ်းပါဦး ဘယ်သူလဲလို့"

မာမီမိုးက သရဲငပေါ်လက်ကို ဆွဲခါရင်း ခပ်ချွဲချွဲဆို



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အာ. . . ဖယ်စမ်း ဖယ်စမ်း၊ ဟိုကိုင်ဒီကိုင် ဟိုဆွဲဒီဆွဲနဲ့ ဘယ့်နှယ်ဟာတွေတုန်း လာမထိနဲ့ဗျာ"

ဟိုတို့ဒီတို့လုပ်နေသည်မို့ မနေတတ်တော့သဖြင့် သရဲငပေါက အာခေါင်ခြစ်ကာဆို၏။ သရဲကို သရဲမဟုတ်တုအပြောအဆိုခံရတာလောက် နာတာမရှိ။

"အမလေးလေး. . . ဖြစ်နေလိုက်တာ၊ မထိနဲ့ဆိုလည်း မထိဘူး၊ ဘယ်သူလဲဆိုတာပဲ မျက်နှာဖုံးချွတ်ပြ၊ ဒါပဲ"

မာမီထွန်းက ခါးကို လက်ကောက်ဝတ်ဖြင့် ခပ်နွဲ့နွဲ့ထောက်နေရင်းက ဘယ်လက်ဖဝါးပေါ် ညာလက်ဖမိုးဖြင့် တဖတ်ဖတ်ရိုက်ရင်း ကက်ကက်လန်အောင် ပြန်၍ဆိုသည်။

"ဘယ်က မျက်နှာဖုံး ချွတ်ပြရမှာတုန်း၊ ဒါ အော်ရီဂျင်နယ်ဗျ"

သရဲငပေါက သရဲသိက္ခာလာချနေသည်မို့ သူ့မျက်နှာတိုသူ လက်ညှိုးထိုးရင်း 'အော်ရီဂျင်နယ်'ဟု ဆိုသည်။

"နင်မချွတ်ရင် ငါဆွဲချွတ်တယ်ဟယ်. . . ကဲ"

မာမီမိုးက ပြောပြောဆိုဆိုဖြင့် သရဲငပေါ၏ ဆံပင်တို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲကာ ချွတ်သည်။ ထင်မှတ်မထားသည်မို့ သရဲငပေါ 'အား'ခနဲ အော်ရသည်အထိ နာကျင်သွားရသည်။

"ဟဲ့. . . မိထွင်ရှဘာကြည့်နေတာလဲ၊ ငါတစ်ယောက်တည်း ဆွဲချွတ်နေတာ မကျွတ်လို့ နင်ပါချွတ်ကူဦးလေဟယ်"

ပြောပြောဆိုဆို မာမီမိုးက အံကြိတ်ကာ သရဲငပေါ၏ ဆံပင်ကို ဆွဲသည်။ မာမီထွင်ရှကပါ 'အေး'ဟုဆိုရင်း သရဲငပေါ၏ဆံပင်ကို ဝိုင်းဆွဲကူသည်။

"အား. . . နာတယ်၊ လွှတ်. . . လွှတ်၊ လွှတ်စမ်း"

သရဲငပေါမှာ ရှုန်းလေနာလေမို့ အော်ရုံသာတတ်နိုင်သည်။ မျက်နှာဖုံးစွပ်ထားခြင်းမဟုတ်သည်မို့ ဆံပင်သာ အုံလိုက်ကျွတ်ပါ သွားကြသော်လည်း မျက်နှာဖုံးဟု ယူဆသော မျက်နှာက ကျွတ်မလာ။

ဆံပင်ကျွတ်တွေကို ဆုပ်ရင်း မာမီနှစ်ယောက်မှာ မောကာနေသည်။ ဘာစကားမှပင် မဆိုနိုင်ကြ။

သရဲငပေါခမျာမှာလည်း ဆံပင်တွေ အုံလိုက်ကျွတ်သွားသည့်ဒဏ်ကြောင့် နာကျင်လွန်း၍ မျက်ရည်များပင် စို့ကာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင့် . . . တော်တော်လည်း ရက်စက်တဲ့လူတွေ၊ ဆံပင်ကို အုံလိုက်ကျွတ်အောင် ဆွဲရသလား၊ တော်ပြီ စိတ်နာတယ် သွားမယ်”

“မသွားသေးနဲ့ဦး”

သရဲငပေါကို မာမီထွဋ်က ‘မသွားသေးနဲ့’ဟုဆိုရင်း တားသည်။

“ဘာပြုလို့တုန်း”

ကြောင်တောင်တောင်ကြည့်နေသော သရဲငပေါ်ကို လှမ်းကြည့်ရင်းက မာမီမိုးက ‘ဘာပြုလို့တုန်း’ဟု မေးသည်။ မာမီထွဋ်က မောနေရင်းက . . .

“ဘာပြုရမှာလဲ . . . သူက မျက်နှာဖုံးစွပ်ထားတာ မဟုတ်ဘူး၊ သူ့မျက်နှာက မိတ်ကပ်ပညာနဲ့ လုပ်ထားတာ၊ လေ့လာရမှာပေါ့ဟဲ့၊ ဟဲ့အကောင် နင့်ကို ဘယ်သူပြင်ထားပေးတာလဲ”ဟု ဆိုသည်။

“တောက် . . . ဒီမျက်နှာက အော်ရီဂျင်နယ်ပါဆို၊ ဘယ်သူပြင်ထားပေးရမှာတုန်း၊ ကြို ကြိုဖူးပေါင်ဗျာ၊ ဒီမျက်နှာက အစစ်ဗျ၊ အစစ်”

www.burmeseclassic.com

www.burmeseclassic.com



သရဲငပေါ်ခမျာ ငိုချင်သံကြီးဖြင့် ကြေကြေကွဲကွဲပင်ဆိုသည်။ သရဲကို သရဲဟုမထင်သည်ကိုက သူ့သိက္ခာကို ချသလိုဖြစ်နေသည်ကိုး။

"ဟဲ့. . . အစစ်လို့ပြောချင်ရင် တောထဲမှာသွားပြော၊ ငါတို့က မိတ်ကပ်ပညာရှင်တွေနော်၊ ကြည့်တာနဲ့ ဘယ်လိုပြင်ထားတယ်ဆိုတာ အတတ်ပြောနိုင်တယ်၊ လာခဲ့စမ်း ဒီကိုတစ်ချက်လေ့လာရအောင်"

"လာဘူး. . . ဘာကိစ္စလာရမှာလဲ၊ ခင်ဗျားတို့ဗျာ အစစ်ပါဆို လက်မခံဘူး၊ ဘယ့်နှယ်ဟာတွေတုန်း ဟင့်"

သရဲငပေါ်မှာ သရဲသိက္ခာကို အစော်ကားခံနေရသလိုဖြစ်ကာ၎နေသည်မို့ မျက်ရည်များပင် ကျသည်အထိ ဝမ်းနည်းကာသွားသည်။

"ဟဲ့. . . စစ်ရင်လာခဲ့လေ၊ ငါက နင့်မျက်နှာက မိတ်ကပ်တွေကို တစ်စစီခွာချပြီး တစ်ခုမကျန် အကုန်ပြန်တပ်ပေးပါ့မယ်ဟဲ့ အကောင်ရဲ့"

မာမီမိုးကပါ ကက်ကက်လန်အောင်ဆိုရင်း ရှေ့သို့တိုး၏။ သရဲငပေါ်ကတော့ ကြောက်ကြောက်ဖြင့် နောက်သို့ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဗျ. . . ဒီ. . . ဒီမျက်နှာကို တစ်စစီခွာဦးမယ်"

"အေးလေ. . . ပြန်တပ်ပေးမယ်လေ ကြည့်ပြီးတာနဲ့၊ လာ ရှေ့ကို"

"လာ. . . ဘူး"

မာမီထွေးနှင့် မာမီမိုးက ရှေ့သို့တိုး၏။ သရဲငပေါက နောက်သို့ဆုတ်၏။ သို့နှင့် သရဲငပေါမှာ နံရံနှင့်ကပ်ကာသွား သည်။

"ခင်ဗျားတို့ ရှေ့မတိုးကြနဲ့နော်၊ စောစောကလည်း ဆံပင် တွေ အုံလိုက်ကြီး ဆွဲနုတ်ကြပြီးပြီ၊ အခုလည်း မျက်နှာကို တစ်စစီခွာဦးမယ်၊ ခင်ဗျားတို့ လူမှဟုတ်ကြသေးရဲ့လား"

သရဲငပေါက နာကြည်းစွာဆိုသည်။

"ဟဲ့. . . လူမို့လို့ ပညာလိုချင်လို့ နင့်ကို အကူအညီ တောင်းနေတာလေ၊ မိတ်ကပ်ကို ဘယ်လိုလိမ်းထားလဲသိချင် လို့ ခွာကြည့်ရုံသက်သက်ပဲဥစ္စာ၊ နင်က ဘာဖြစ်သွားမှာမို့လဲ၊ ဗွန်းသွားပဲ့သွားမှာမို့လား အကောင်ရဲ့"

မာမီထွေးက မျက်နှာကိုမဲ့ကာရွဲ့ကာဖြင့် ခပ်ခွဲခွဲဆို

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပွန်းတာပေါ့ ဖယ်ဗျာ. . . ဖယ်"

ပြောပြောဆိုဆိုဖြင့် သရဲငပေါက မာမီနှစ်ယောက်ကို တွန်းဖယ်ပြီး အခန်းပြင်ကို ထွက်ပြေးသည်။ အငိုက်မိသွားသည် မို့ မာမီနှစ်ယောက်ခမျာ ဆွဲထားချိန်ပင် မရလိုက်။

"ဟဲ့အကောင် နေပါဦးဟဲ့"

"အေးလေ. . . တစ်စစီဖြုတ်ပြီး ဆွဲခွာပြီး ပြန်တပ်ပေး ပါ့မယ်လို့ဆို"

မာမီနှစ်ယောက်က တစ်ယောက်တစ်ပေါက်စီအော် ရင်း ကျန်ခဲ့သော်လည်း သရဲငပေါကတော့ နောက်လှည့် မကြည့်တော့ဘဲ ခြေသုတ်တင်ကာ ပြေး၏။ ဒီနေ့အဖို့တော့ သရဲငပေါ ကံမကောင်းတာ အမှန်ပဲဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



**One should praise beautiful days in the evening; beautiful woman in the morning.**

လှပသောနေ့ရက်များကို ညနေခင်းမှသာ ချီးမွမ်းသင့်၏။

လှပသော မိန်းမများကိုမူ မနက်ခင်းမှာ ချီးမွမ်းသင့်သည်။

***German Proverb***

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"ယွန်းဆက်က အရမ်းလှတာပဲကွာ"

မင်းသားနှင့် မင်းသမီးတို့ အိမ်ရှေ့မှဒန်းပေါ်မှာ အတူထိုင်နေကြတုန်း မင်းသားက မင်းသမီးကို ကြည့်ရင်းဆိုသည်။

ယွန်းဆက်က လက်ထဲမှ မီးအိမ်ကို လက်ဖြင့်အုပ်ကာ ကိုင်ရင်း 'အပိုတွေ'ဟုဆိုသည်။ ပြီး ရှက်အမ်းအမ်းဖြင့် ပြုံးသည်။

"အတည်ပြောတာ. . . ယွန်းဆက်က ဘယ်အချိန်ကြည့်ကြည့် လှနေတယ်၊ ဘယ်အချိန်ပဲတွေ့တွေ့ လှနေတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီကကောင်က ယွန်းဆက်ကို မြင်တာနဲ့ ရင်တွေခုန်ပြီး ပိုပိုချစ်လာတယ်၊ မတွေ့ရရင်ကို မနေနိုင်တော့ဘူး သိလား"

မင်းသားက ရုပ်တည်ကြီးဖြင့် အပီအပြင်ဆိုသည်။

"ယွန်းဆက်ကြားဖူးတဲ့ ဂျာမန်စကားပုံတစ်ခုမှာတော့ လှပတဲ့ နေ့ရက်တွေကို ညနေခင်းမှာ ချီးမွမ်းသင့်ပြီးတော့ လှပတဲ့မိန်းမကိုတော့ မနက်ပိုင်းမှာ ချီးမွမ်းသင့်တယ်တဲ့၊ ကိုဘုန်းက အခုလို ညဘက်မီးလည်းမလာဘဲနဲ့ မမြင်မကန်းကြီး ယွန်းဆက်ကိုလာပြီး ချီးမွမ်းနေတော့ ယွန်းဆက်က မယုံရေးချ မယုံတာ"

ယွန်းဆက်က ညစ်ကျယ်ကျယ်ဖြင့် ဆိုသည်။

"ဒါကတော့ ယွန်းဆက် လက်ခံထားတဲ့ အပိုင်းလေ၊ ကိုယ့်ဘက်မှာကျတော့ ယွန်းဆက်က အချိန်မရွေးလှလို့ အချိန်မရွေး ချီးမွမ်းသင့်တယ်လို့ ခံယူတယ်၊ ညဘက်ကြီးမို့ မမြင်မကန်းနဲ့ဆိုတာ ကိုယ့်မှာမရှိဘူး၊ မှောင်မှောင်မည်းမည်းမှာ မျက်လုံးတွေ မှိတ်ထားပေမယ့်လည်း ကိုယ့်ရင်ထဲမှာ ယွန်းဆက်ကို မြင်နေရတယ်"

"ဒါ ရှုတင်မဟုတ်ဘူးနော်၊ ဗီဒီယိုရိုက်နေတာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

မင်းသား၏ စကားအဆုံးမှာ ယွန်းဆက်က ရှက်ဝဲဝဲ ဖြစ်ဆိုသည်။

"ဘာဖြစ်လို့လဲ ယွန်းဆက်ရ"

"ကဗျာဆန်တဲ့စကားတွေ လာပြောနေလို့ပေါ့"

မင်းသား၏အမေးကို ယွန်းဆက်က ခပ်ချွဲချွဲပြန်၍ ဖြေသည်။

"အချစ်နဲ့တွေ့ရင် လူတွေက ကဗျာဆန်သွားတတ်ကြ တယ်လေ"

"မကြားဖူးပေါင်"

"ကြားဖူးသွားအောင် နှစ်ကိုယ်ကြား ပြောပြမယ်လေ"

"ဟော. . . သူဇာ လာပြီ"

ရှေ့သို့တိုးလာသော မင်းသားကြောင့် ယွန်းဆက်က ထရပ်ရင်းဆိုသည်။ တကယ်တမ်း မင်းသားက လှည့်ကြည့် တော့ သူဇာလည်းမရှိ ဘာဆိုဘာမှ နောက်မှာမရှိ။

"ယွန်းဆက်ကလည်းကွာ ဘာမှလည်းမရှိဘဲနဲ့"

"ရိပ်ခနဲမြင်လိုက်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၏စကားအဆုံးမှာ ယွန်းဆက်က ညစ်ကျယ် ကျယ် ဆိုသည်။

"ထိုင်ရတာညောင်းတယ်၊ လမ်းလေးဘာလေးလျှောက် ဦးမယ်"

ဒန်းပေါ်မှာ ဆက်ထိုင်နေလျှင် အခြေအနေမကောင်း နိုင် သည်မို့ ယွန်းဆက်က လမ်းကိုလျှောက်သည်။ မင်းသားက မချင့်မရဲဖြင့် လက်သီးကိုဆုပ် အံကိုကြိတ်ရင်း မင်းသမီး နောက်သို့ ထပ်ကြပ်မကွာ လိုက်သည်။

"ပြန်မအိပ်သေးဘူးလား"

ယွန်းဆက်က မင်းသားဘက်လှည့်ရင်း ပြောင်စိစိဖြင့် မေးသည်။ မင်းသားက မီးအိမ်လေးကိုင်ကာ သူ့ကို တမင်ရိ နေသော မင်းသမီးကို ဖြစ်နိုင်လျှင် ခပ်ကြမ်းကြမ်းဖက်ပြီး ချိုမြောက်ပစ်ချင်စိတ် ပေါ်နေသည်။

"ယွန်းဆက်တစ်ယောက်တည်း ထားခဲ့လို့ ဘယ်ရမလဲ၊ ထားခဲ့ဖို့လည်း လုံးဝစိတ်မကူးဘူး၊ ယွန်းဆက်ဘေးမှာနေရ တုန်း တစ်ဖဝါးမှမခွာဘဲ လိုက်နေမှာ၊ ယွန်းဆက်က တစ္ဆာ အဆုံးထိလျှောက်ရင် ကိုယ်ကလည်း ကမ္ဘာဆုံးထိလိုက်မှာ၊

www.burmeseclassic.com

www.burmeseclassic.com



မယုံရင် လျှောက်ကြည့်ပါလား"

"စိတ်လည်းမဆိုးနဲ့၊ မလျှောက်တာ"

မင်းသား၏ စကားအဆုံးမှာ ယွန်းဆက်က ညစ်ကျယ်ကျယ် ဆိုသည်။

"ယွန်းဆက်ကို ကိုယ်အရမ်းချစ်တယ်ကွာ"

"သူဇာကလည်း အရမ်းကြာတယ်ကွာ"

မင်းသား၏စကားကို ယွန်းဆက်က ပြောင်သည်။

"အတည်ပြောတာ ယွန်းဆက်ရ"

"အတည်ကြာလိုက်တာ၊ ဒီသူဇာကတော့"

"ဘာလဲ. . . ယွန်းဆက်က ကိုယ့်ကိုလှောင်တာလား"

"လှောင်တာမဟုတ်ဘူး၊ ပြောင်တာ"

"မပြောင်ပါနဲ့ ယွန်းဆက်ရယ်၊ ကိုယ့်မှာက ရင်ခုန်ရလွန်းလို့ ရူးတော့မယ်၊ ကိုယ့်ကိုပြန်ချစ်ပါတော့ကွာနော်"

"လူတိုင်း ရင်ခုန်ကြတာပဲဥစ္စာ၊ ရင်ခုန်တဲ့လူတိုင်းကို ပြန်ချစ်နေရရင်တော့ ဒုက္ခပဲပေါ့ ကို. . . ဘုန်းရဲ့"

မင်းသားပြောသမျှကို မင်းသမီးက အငေါ့တူးသည်။

"လူတိုင်းရင်ခုန်တာမှန်ပေမယ့် ကိုယ့်ရင်ခုန်သံက

www.burmeseclassic.com

www.burmeseclassic.com



ပိုထူးခြားတယ်၊ မယုံရင် ခုနားထောင်ကြည့်လိုက်"

မင်းသားက ပြောပြောဆိုဆို ယွန်းဆက်ကို သူ့ရင်ခွင်ထဲ ဆက်ခနဲ ဆွဲသွင်းရင်း သူမကို တင်းကြပ်စွာ ဖက်ထားသည်။

ယွန်းဆက်လက်ထဲမှ မီးအိမ်က ဖျတ်ခနဲ လွတ်ကျရင်း မီးမှိတ်သွား၏။

"အာ. . . ကျသွားပြီ၊ လွှတ်နော် မလွှတ်ရင်အော်လိုက်မှာ"

"မအော်ပါနဲ့ ယွန်းဆက်ရယ်၊ ကိုယ့်ရင်ခုန်သံတွေကို သေသေချာချာနားထောင်ပြီး ခံစားကြည့်ပါဦး"

"လွှတ်. . . လွှတ်"

ယွန်းဆက်၏စကားကို မင်းသားတစ်ယောက် နားမထောင်ပါ။ မလွှတ်သည့်အပြင် ပိုမိုတင်းကြပ်စွာ ဖက်ထား၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မလွှတ်နဲ့. . . လုံးဝမလွှတ်နဲ့၊ ငါတို့မင်းသားကွ"

တကယ်တော့ အိမ်ကြီး၏ဘေးကနေ မင်းသားတို့ကို ချောင်းနေသော လူလေးယောက်ရှိသည်။ ၎င်းတို့မှာ မောင်ထက်၊ ဖိုးနိုင်၊ ကိုလတ်နှင့် ဝဏ္ဏတို့ဖြစ်သည်။ ထိုအချိန်မှာ မာမီတို့အခန်းမှ ထွက်လာသော သရဲငပေါက သကောင့်သားတို့၏နောက်မှာ ရောက်လာပြီး မောင်ထက်၏ပခုံးကို သူ၏လက်သည်းချွန်များဖြင့် ကုတ်သည်။

မောင်ထက်က လှည့်ပင်မကြည့်ဘဲ ၎င်း၏ဖုံးပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ခပ်ကြမ်းကြမ်းဖယ်ချသည်။ ပြီး နှုတ်မှလည်း. . .

"လာမကုတ်နဲ့နော်. . . ဒီအချိန်မှာ ဘာမှလာမလုပ်နဲ့ နောက်ပြန်ပေးလိုက်လို့ ဂိသွားမယ်"

သရဲငပေါက ဖွဲမလျှော့ ဖိုးနိုင်၏ခေါင်းကို သူ၏လက်သည်းချွန်များဖြင့် ကုတ်ခြစ်သည်။

"ဟာ. . . အရေးထဲမှာ ဘာလာနှောက်နေတာတုန်း။ ကဲကွာ"

ဖိုးနိုင်က လှည့်ပင်မကြည့်ဘဲ နောက်ပြန်ကန်လိုက်သည်မို့ သရဲငပေါခမျာ မနည်းလွတ်အောင် ရှောင်လိုက်ရသည်။ သရဲငပေါက ဖွဲလုံးဝမလျှော့။ ကိုလတ်၏ခေါင်းကို ဖတ်ခနဲ ပုတ်သည်။ ကိုလတ်က လုံးဝတုတ်တုတ်မလှုပ်။ ဝဏ္ဏကို သရဲငပေါက ပခုံးကိုသွားကိုင်ရင်း ဆွဲခါသည်။ ဝဏ္ဏက 'ဖယ်စမ်းပါ ဒီလက်က'ဟု ဆိုရင်း သူ့ပခုံးပေါ်မှ ဆွဲခါချသည်မို့ သရဲငပေါခမျာ ငိုချင်လာသည်။

စိတ်ဓာတ်ကျကျဖြင့် ခြေလှမ်းသုံးလေးငါးလှမ်း လှမ်းလာရင်း ရှေ့သစ်ပင်ကိုကွယ်ကာ ချောင်းနေသော သူဇာကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . ဒီမှာ"

ခြောက်ရန် သိပ်စိတ်မပါသော်လည်း သူဇာ၏ ပခုံးစွန်းကို သရဲငပေါက လက်သည်းဖြင့် ကုတ်ရင်း ခေါ်သည်။

"ဒီမှာလည်း မခေါ်နဲ့၊ ဟိုမှာလည်း မခေါ်နဲ့၊ ဒီမှာ Love sence ကြည့်နေတယ်၊ သွား ဝေးဝေးကို၊ အမလေး မင်းသားကလည်းနော် သူလုပ်တာနဲ့ ငါ့မီးအိမ်တော့ သွားပါပြီ၊ အဲဒါ မမယွန်းရဲ့ မီးအိမ်မဟုတ်ဘူး၊ သူဇာ့မီးအိမ်ကိုဘုန်းရဲ့"

သူဇာက သရဲငပေါကို လှည့်ပင်မကြည့်ဘဲ သူမပြောချင်ရာတွေ စွတ်စက်ပြီးပြောနေသည်။

သရဲငပေါခမျာ စိတ်ဓာတ်ကျသည်ထက် ကျလာသည်။ ခြေမှိုင်လက်မှိုင်ချရင်း ပျင်းရိပျင်းတွဲ လျှောက်လာဖြစ်သည်။ ၎င်း၏ဘဝမှာ ဘာမှအဓိပ္ပာယ်မရှိတော့သလို ခံစားနေရသည်။

ခြေလှမ်းဆယ့်ငါးလှမ်းခန့်မှာ ပန်းချုံကိုကွယ်ကာ ချောင်းနေသော မာမီနှစ်ယောက်ကို သရဲငပေါတွေ့သည်။

"ဒီမှာဗျ. . . ကျွန်တော့်မျက်နှာကို တစ်စစီခွာမလို့ဆို၊ ခွာပေးကြစမ်းပါဗျာ၊ ဒီမျက်နှာနဲ့ မနေချင်တော့ဘူး၊ ဟီး. . . ဟင့်. . ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းပန်းနည်းဖြင့် ဆိုသော သရဲငပေါ်၏စကား ကြောင့် မာမီနှစ်ယောက်က သမင်လည်ပြန် လှည့်ကြည့်သည်။

"ဟဲ့ အကောင်. . . ဒီအချိန်မှာ ဘာမိတ်တပ်ပညာမှ အရေးမကြီးဘူး၊ အထူးအပါးနားမလည်တဲ့ကောင် တိတ်တိတ် နေစမ်း"

မာမီမိုးက လှည့်ကြည့်ရင်း ခပ်တင်းတင်းဆိုသည်။

"ဟုတ်ပ. . . ဟုတ်ပ. . . အခုချိန်မှာ ချောင်းစရာရှိ တာကို ချောင်းရတယ်ဟဲ့အကောင်ရဲ့၊ ချောင်းချင်သပဆိုရင် ချောင်း၊ မချောင်းချင်ရင် ဂျောင်း၊ လစ်တော့ အာရုံလာမစားနဲ့"

မာမီထွန်းကလည်း လှည့်ကြည့်ကာ ပက်ခနဲပြောရင်း ဟိုဘက်လှည့်ကာသွားသည်။ ဖုတ်လေသည့်ငါးပိ ရှိတယ်လို့ တောင် ထင်ပုံမရ။

"ဩော်. . . လူတွေ. . . လူတွေ"

ဟု သရဲငပေါ် တွေးသည်။ စောစောတုန်းကတော့ သူ့ကို အတင်းလိုက်ဆွဲနေပြီး အခုတော့ လှည့်ပင်မကြည့် တော့။

သရဲငပေါ် စိတ်ညစ်ညစ်ဖြင့် ဆက်လျှောက်လာရာ

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဝိုင်းမူးနေကြသော မေခတ္တာ၊ ဖြူဖြူနှင့် နှင်းနေခြည်တို့ကို အိမ်၏ထောင့်စွန်းမှာ နေရာယူပြီး ချောင်းနေသည်ကို တွေ့သည်။

"ခင်ဗျားတို့ ကျုပ်ကို ပုလင်းနဲ့ရိုက်ပေးကြပါဦးလားဗျာ၊ သေအောင်ရိုက်ပေးစမ်းပါ"

မေခတ္တာတို့ရှေ့မှာ ပိတ်ရပ်ရင်း သရဲငပေါ ဆို့နင့်စွာပင်ဆိုဖြစ်သည်။ စောစောကတော့ သူ့ကို အလုအယက် တခွပ်ခွပ်ဝိုင်းဆော်ခဲ့ကြသည်ကိုး။

"ဟဲ့... ရှူး... တိုးတိုးလုပ်စမ်းပါ၊ ဖယ်စမ်း ဒီမှာ view ကွယ်နေတယ်"

ဖြူဖြူက အသံကိုနှိမ့်ကာဆိုသည်။

"အရေးထဲမှာ သူကတစ်မျိုး၊ အထူအပါးကို နားမလည်ဘူး၊ ဖယ်စမ်းပါ၊ ရှေ့ကမကွယ်စမ်းနဲ့"

မေခတ္တာက အသံကိုနှိမ့်ပြီး အံကြိတ်ကာဆိုသည်။

"ဟုတ်ပ... ဒီမှာ မမြင်မကမ်းနဲ့ ချောင်းနေရတဲ့အထဲမှာ လာပိတ်ပြီး ရပ်နေသေးတယ်၊ အရိပ်အကဲကို နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်. . . ဟင့်"

နှင်းနေခြည်၏ စကားအဆုံးမှာ သရဲငပေါ ကြေကွဲစွာ သွားသည်။ ဘေးမှ အုတ်နံ့ရဲကို ခေါင်းဖြင့် အင်းဟား. . . အင်းဟားနှင့် ပြေးတိုက်ချင်သွားရသည်။ ဒီအိမ်မှာ လာသမျှ တွေထဲမှာ သူခြောက်လို့မရတာ ဒီတစ်ဖွဲ့သာရှိသေးသည်။ သရဲ သိက္ခာတွေကျကာ သရဲလိပ်ပြာတွေတောင် မလုံတော့။ (အံမယ်. . . ကြေကွဲနေတာ ကြေကွဲနေတာ သရဲက။ စာရေး ဆြာရဲ့ လုပ်ပေါက်ကတော့)

ခေါင်းငိုက်စိုက်ချကာ စိတ်ဓာတ်တွေကျပြီးရင်း ကျနေ တော့သည် တမံ့တကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

**The game of life is a lot like football. You have to tackle your problems, block your fears and score your points when you get the opportunity.**

ဘဝဆိုတာက ဘောလုံးပွဲနဲ့ တော်တော်တူတယ်။ ပြဿနာတွေကို မိမိရရဖမ်းရတယ်။ စိုးရိမ်ပူပန်စရာတွေကို ပိတ်ဆို့ကာကွယ်ရတယ်။ အခွင့်သာရင်တော့ အမှတ်တွေတက်လာအောင် အပိုင်ကန်သွင်းရတယ်လေ။

*LEWIS GRIZZARD*

* * *

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာမင်း၊ မီးထိုးမှန်ထိုး၊ ထရောပေါ်လီအဖွဲ့ စသည်ဖြင့် ရှုတင်မှာပါလာသမျှ လူတော်တော်များများ၏ အခန်းတွေကျန်သေးသော်လည်း သရဲငပေါ လုံးဝလိုက်မခြောက်ချင်တော့။ စိတ်ညစ်ညစ်ဖြင့် အိမ်ထဲသို့ပြေးဝင်လာပြီး မျက်စိရှေ့မှာရှိနေသော ဘီရိုတစ်လုံးကို ဝုန်းခနဲကန်ဖြစ်သည်။

"တောက်. . . . အပွဲပွဲနွဲ့လာသမျှ ဒီပွဲကျမှ ဂိုးမသွင်းနိုင်ဘူး၊ ကိုယ့်ဘက်ကကြီးပဲ ဂိုးတွေပေးလိုက်ရတယ်၊ လုံးဝမကျေနပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်းနဲ့ပင် ဘီရိုကို နောက်တစ်ချက်ထကန်ဖြစ်သည်။ ဖြစ်ချင်တော့ သူကန်နေသော ဘီရိုနှင့် မျက်နှာချင်းဆိုင်အခန်းမှာ ဒါရိုက်တာကြီးနှင့် ရှုတင်မန်နေဂျာတို့ နေသောအခန်းဖြစ်သည်။

"ဘယ်ကောင်လဲကွ ဗိုဒုန်းဒုန်းနဲ့"

အနည်းငယ် အိပ်ချင်မူးတူးဖြစ်နေသောပုံစံဖြင့် ဒါရိုက်တာကြီးတို့နှစ်ယောက် အခန်းထဲမှ ထွက်လာရင်း ဆိုသည်။

ဆံပင်စုတ်ဖွားဖြင့် သရဲငပေါကိုကြည့်ပြီး ရှုတင်မန်နေဂျာက 'မင်းဘယ်သူလဲ'ဟု ခပ်ထန်ထန်မေးသည်။ မေးရသောအကြောင်းက ဤမျက်နှာနှင့်ပင် မင်းသမီး ယွန်းဆက်ပန်းတို့က သူတို့နှစ်ယောက်ကို လာ၍စသွားသည်မှာ အချိန်များစွာမကြာသေးသည်ကိုး။

သရဲငပေါမှာ သူ့ကိုကြောက်ဖို့ပင်ဝေးစွ မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့်ကြည့်ကာ ဒေါသထွက်နေသော လူနှစ်ယောက်ကို အံ့အားတသင့်ဖြင့် ကြောင်တောင်တောင် ကြည့်နေဖြစ်သည်။

"ဒီအိမ်မှာကလည်း အိမ်စောင့်တဲ့အဖိုးပဲရှိတာပါ။ ဒီကောင့်ကိုကြည့်ရတာကလည်း ငါတို့ရှုတင်အဖွဲ့ထဲက



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လောက်ဘူးထင်တယ်၊ ဟကောင် မျက်နှာဖုံးချွတ်စမ်းအမင်းဘယ်ကလဲ”

ဒါရိုက်တာကြီးက ခါးထောက်ရင်း ခပ်ငေါက်ငေါက်ဆိုသည်။ သရဲငပေါလည်း စိတ်တိုတိုဖြင့် ‘ဂါး’ဟု အာခေါင်ခြစ်ကာ အော်ဖြစ်သည်။

“ဂါး”

“ဩော်. . . သေချာပြီ၊ လက်စသတ်တော့ သူခိုးကိုတွေ့ ဟကောင်ရိုက်စမ်း လိုက်စမ်း၊ သူခိုးဗျို့. . . သူခိုး”

ဒါရိုက်တာကြီးဟာ အနီးမှတုတ်ကို လှမ်းဆွဲရင်း အော်သည်။

“သူခိုးဗျို့. . . သူခိုး”

ရှုတင်မန်နေဂျာကလည်း နေရာတွင်ရပ်ကာ သံယောင်လိုက်ကာ အော်သည်။ အခြေအနေမကောင်းတော့သည်မို့ သရဲငပေါ ခေါင်းကိုကုတ်သည်။

“အင်း. . . မဖြစ်ဘူး. . . မဖြစ်ဘူး၊ မိုးပေါ်ပျံမှဖြစ်မယ်၊ တဲ လာလေရော့. . . ပျံစမ်း”

လက်နှစ်ဖက်ကို မိုးပေါ်ပျံသလိုလုပ်ကာ ဖျင်သော်သည်း သူ့ခန္ဓာကိုယ်က ကြွတက်မလာခဲ့။ ‘ဟ. . . ဘယ်လိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ဖါလိမ့်၊ ငါပျံလို့ မရပါလား'ဟု သရဲငပေါ ထိတ်လန့်စွာတွေး သည်။

"သူခိုးတဲ့ဟ"

အပြင်မှ အဖွဲ့တွေလည်း ခဲကိုင်သူကိုင်၊ တုတ်ရှာသူရှာ ဖြစ်တုန်ကြသည်။ မင်းသားနှင့် မင်းသမီးလည်း အာဘွားပင် မငှမ်းရသေး။

"တောက်. . . ဘယ်က ကလေကချေလဲကွ၊ ဒီမှာ ကောင်းခန်းရောက်နေမှ အာဘွားလေးတောင် မွမွလို့ မပေးရ သေးဘူး"

မင်းသားက မကျေမချမ်း ရေရွတ်သည်မို့ ယွန်းဆက်က မင်းသား၏ဗိုက်ခေါက်ကို ဆွဲလိမ်သည်။

ချောင်းနေကြသူများသည်လည်း ရှန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကြ၏။

"သူခိုး. . . ဟကောင် မပြေးနဲ့၊ မပြေးနဲ့နော်"

ဒါရိုက်တာက ရွေ့လည်းမတိုးရဲပါဘဲ နေရာတွင် တုပ်တုပ်မှမလှုပ်ဘဲ ရပ်နေသော သရဲငပေါကို လက်ညှိုးထိုး ကာဆိုသည်။

"ပျံလို့မရရင် ကိုယ်ယောင်ဖျောက်မှဖြစ်မယ်၊ တဲ

www.burmeseclassic.com

www.burmeseclassic.com



လာလေရော့လဟယ်”

သရဲငပေါက ကိုယ်ယောင်ဖျောက်ရန် ကြိုးစား၏။

သို့သော်. . .

ဘာကြောင့်မှန်းမသိ သူ့စွမ်းအားတွေ မရှိတော့။ လူများ၏ အသံကိုလည်း သူကြားနေရပြီဖြစ်သည်။ အခြေအနေကလည်း မထူးခြား။

“ကဲ. . . ကဲ”

မရရအောင် ဖိညှစ်ပြီး ကိုယ်ယောင်ဖျောက်ကြည့်သော်လည်း မရ။ ဒီအတိုင်းဆက်နေပါက အရိုးတခြား အသားတခြားဖြစ်လိမ့်မည်။

BURMESE CLASSIC

“ကိုယ်ယောင်ဖျောက်လို့လည်းမရ၊ မိုးပေါ်ပျံလို့လည်း မရရင် ပြေးတယ်ကွာ”

နောက်ဆုံးတော့ ဒီတစ်နည်းသာ ရှိတော့သည်မို့ သရဲငပေါခများ ဖနောင့်နှင့်တင်ပါး တစ်သားထဲကျအောင် ပြေးရတော့သည်။

“ဟ. . . ဟ ပြေးပြီ၊ သူခိုးဗျို့၊ လိုက်. . . လိုက်”

“အဲဒီဘက်ကိုလာပြီဟေ့. . . လိုက်. . . လိုက်”

ရွာတင်မန်နေဂျာနှင့် ဒါရိုက်တာကြီးတို့က ခုန်ဆွခုန်ဆွ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထုကာအော်သည်။ သရဲငပေါက အိမ်ပြင်ကိုရောက်နေပြီ ဖြစ်သည်။

သရဲငပေါက်ကို ရှူတင်ဓာတ်ဖွဲ့သားလုံး လိုက်နေသည်ကို ခေါင်းခါရင်း ပြုံးနေသူတစ်ယောက်တော့ရှိသည်။ ထိုသူကား အခြားမဟုတ်။ အိမ်စောင့်အဖိုးဖြစ်သည်။ ပျော်ပျော်နေတတ်သော သရဲစိတ်ညစ်နေရသည်ကို မြင်ရ၍ ပြုံးနေခြင်းဖြစ်မည်။

"လိုက်ကြဟေ့ . . . လိုက်ကြ"

မင်းသားကလည်း သရဲငပေါက်ကို ခဲဖြင့်လှမ်းထုရင်း အော်သည်။ သရဲငပေါမှာ အိမ်ထဲမှနေ လမ်းပေါ်သို့ ဦးတည်ကာ ပြေးသည်။

BURMESE CLASSIC

လူအုပ်ကြီးကလည်း 'သူခိုးဗျို့'ဟုဟစ်ကာ လမ်းပေါ်ထိ လိုက်ကြသည်။ သရဲငပေါကပြေး၊ လူအုပ်ကြီးက လိုက်ဖြင့် ဝါးတစ်ရိုက်စာမျှကွာနေစဉ် သရဲငပေါက ကျောက်တုံးတစ်တုံး ကို ခလုတ်တိုက်ပြီးလဲသည်။

"ဘုန်း"

"အင့်"

မှောက်လဲရာမှ ကုန်းရုန်းထရင်း သရဲငပေါက ခြေထောက် ကို ချာခနဲလှည့်သည်။ လူအုပ်ကြီးက ရှေ့ဆက်မလိုက်ဘဲ သရဲ



www.burmeseclassic.com

www.burmeseclassic.com



ငပေါကို ကြောင်တောင်တောင်ဖြင့် လှမ်းကြည့်နေသည်။ ရင်းတို့လက်ထဲမှာက လက်နက်ကိုယ်စီ။ တုတ်၊ ခဲ စသည်။ တုတ်တရွယ်ရွယ် ခဲတရွယ်ရွယ် လုပ်နေကြသော လူအုပ်ကြီးကို ကြည့်ရင်း သရဲငပေါ ဒေါတွေကန်လာသည်။ တစ်သက်လုံး သူ့များပြေးအောင်သာ ခြောက်ခဲ့ရပြီး အခုမှ ကိုယ့်အလှည့်ကျ ကာ ပြေးနေရသော သရဲငပေါက လူအုပ်ကြီးကို ဒေါသထွက် ကာ လှမ်းကြည့်ရင်း မကျေမနပ်ဖြင့် တစ်ခွန်းထဲ သူ့ အာခေါင် ခြစ်၍ အော်ဖြစ်သည်က. . . .

“ဂါး” ဟူ၍။

**ပျော်ရွှင်စွာရယ်မောနိုင်ကြပါစေ။**

**ပြည့်ပိုင်မျိုးအိမ်**

[redacted]